**မဲခေါင်ဒေသ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (မူကြမ်း)**
**အာရှနှင့် ယင်းကိုကျော်လွန်သည့် ထုတ်ကုန်တန်ဖိုးမြင့်လမ်းကြောင်းကွန်ရက်၏ အချက်အချာဖြစ်လာခြင်းဆီသို့**

## ၁။ မဲခေါင်ဒေသခွဲရှိ လက်ရှိအခြေအနေ

- မဲခေါင်ဒေသခွဲတွင် စုံလင်ထွေပြားသည့် ယဉ်ကျေးမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အမျိုးမျိုးရှိသည့် ကုန်းမြေချင်းဆက်နိုင်ငံငါးခု ပါဝင်ဖွဲ့စည်းထားသည်။ <u>မဲခေါင်ဒေသခွဲသည် demographic dividend (နိုင်ငံ၏ မွေး၊ သေနှုန်းလျော့ကျပြီး နောက်ဆက်တွဲအဖြစ် လူဦးရေ၏ အသက်အပိုင်းအခြား ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲကာ အလုပ်လုပ်နိုင်သည့် လူဦးရေနှင့်ယှဉ်သော မှီခိုသူလူဦးရေကျဆင်းလာပြီး စီးပွားရေးဖွံ့ဖြိုးလာသည့် ဆယ်စုနှစ်များကာလ)က လုပ်သားထောက်ပံ့မှုမှ မြင့်တက်မှုများနှင့် ပြည်တွင်းသုံးစွဲမှုမြင့်တက်ခြင်းတို့ ဖြစ်ပေါ်စေခြင်းနှင့်အတူ စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးမှုရရှိလျက်ရှိသည်။ ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) သို့ဦးတည်သည့် ဒေသတွင်း ပေါင်းစည်းအားထုတ်ကြိုးပမ်းမှုများကြောင့် ရုပ်ပိုင်းဆိုင်ရာဆက်သွယ်မှုရော အသင်းအဖွဲ့ဆိုင်ရာဆက်သွယ်မှုပါ တိုးတက်ကောင်းမွန်လျက်ရှိသည်။</u> ယင်းသို့သော နောက်ခံအခြေအနေတွင် မဲခေါင်ဒေသခွဲသည် <u>ဖွံ့ဖြိုးလာနေသည့် ကုန်ထုတ်လုပ်ရေးတည်နေရာတစ်ခု၊ ကုန်တင်ပို့မှုဗဟိုဌာနတစ်ခုနှင့် စားသုံးသူဈေးကွက်တစ်ခုအဖြစ်လည်း ကမ္ဘာတစ်ဝန်းလုံးမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိသည်။</u>
  - ➢ မဲခေါင်ဒေသနိုင်ငံများတွင် အခြေစိုက်သည့် ဂျပန်ကုန်သည်ကြီးများအသင်းများနှင့် စီးပွားရေးလုပ်ငန်းအသင်းများ၏ အဖွဲ့ဝင်သည် ၂၀၁၂ မှစကာ အလျင်အမြန်တိုးပွားလာနေပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်အပြင် လက်လီရောင်းမှု၊ စားသောက်ဆိုင်နှင့် သယ်ယူပို့ဆောင်ရေးတို့အပါအဝင် အမျိုးမျိုးအစားစားဖြစ်သော ဂျပန်နိုင်ငံမှ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများက မဲခေါင်ဒေသခွဲတွင် ရင်းနှီးမြှုပ်နှံနေသည်။ တရုတ်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ရင်းနှီးမြှုပ်နှံမှုများအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည်လည်း ၂၀၁၀ မှစတင်ကာ မြင့်တက်လျက်ရှိသည်။
  - ➢ မဲခေါင်ဒေသခွဲ၏ တည်နေရာအနေအထားက တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ကုန်သွယ်မှုတိုးပွားမှု (ဥပမာ တရုတ်နိုင်ငံတောင်ပိုင်းနှင့် ဗီယက်နမ်အကြား ကုန်သွယ်မှုတိုးတက်မှု) မှတစ်ဆင့် ဒေသခွဲ၏ ဖွံ့ဖြိုးမှုကို အကျိုးပြုလျက်ရှိသည်။

- မဲခေါင်ဒေသခွဲကို ဘုံဈေးကွက်တစ်ခုအဖြစ်ရှုမြင်ကာ စီးပွားရေးလုပ်ငန်းများသည် လုပ်သားထောက်ပံ့မှု၏ အရည်အသွေးနှင့် အရေအတွက်၊ ဈေးကွက်အလားအလာ၊ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များရရှိနိုင်မှု၊ မဲခေါင်ဒေသခွဲအတွင်းနှင့် ဒေသခွဲကိုကျော်လွန်ကာ အလုပ်မီရောက်ရှိနိုင်မှုနှင့် ဆက်သွယ်မှုတို့အပါအဝင် နိုင်ငံတစ်ခုစီ၏ အားသာချက်များနှင့် အားနည်းချက်များကို ဂရုတစိုက် စိတ်ဖြာလေ့လာကာ နယ်စပ်ဖြတ်ကျော်ထောက်ပံ့ရေးလမ်းကြောင်းများတိုးချဲ့ရန် အသင့်ဖြစ်မှုပိုရှိသည့် ရင်းနှီးမြှုပ်နှံမှုပန်းတိုင်များကို ရွေးချယ်သည် (နိုင်ငံတစ်ခုစီ၏ အားသာချက်များနှင့် အားနည်းချက်များကို နောက်ဆက်တွဲစာမူတွင် အသေးစိတ်ဖော်ပြထားပါသည်)။

- မဲခေါင်ဒေသခွဲ၏အချက်အချာဖြစ်သည့် ထိုင်းနိုင်ငံသည် အကြီးစား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်ဖွဲ့စည်းထားသည့်၊ အဓိကကျသော လုပ်ငန်းနယ်ပယ်များအတွက် ကုန်ချောထုတ်လုပ်ငန်းသုံး

သွင်းအားစုကုန်ပစ္စည်း (သို့မဟုတ် ကုန်ကြမ်းကို စီမံထုတ်လုပ်ထားသော ကုန်ချောထုတ်ရာတွင်သုံးသည့် ကြားခံထုတ်ကုန်) နှင့် ကြားခံထုတ်ကုန်များကို အသုံးပြုထုတ်လုပ်သည့် ကုန်ချောထောက်ပံ့ရေးလမ်းကြောင်းများ ဖြန့်ကျက်ပေးသော ကျယ်ပြန့်သည့် ကုန်ချောထုတ်လုပ်ငန်းသုံး သွင်းအားစုထောက်ပံ့ရေးလုပ်ငန်းနယ်ပယ် (supporting industry) နှင့်အတူ ကြီးမားသော စက်မှုလုပ်ငန်းအစုအဝေးတစ်ရပ်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုတွင် "Thailand Plus One" ဦးတည်ချက်အစီအစဉ်တစ်ခုရှိပြီး ယင်းသည် ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်ခြင်းနှင့်အတူ အိမ်နီးချင်းမဲခေါင်ဒေသနိုင်ငံများသို့ လုပ်အားကဲကုန်ထုတ်လုပ်ငန်းစဉ်များ လက်ဆင့်ကမ်းမှုကို စတင်ရုပ်လုံးဖော်နေသည်။ "China Plus One" ဦးတည်ချက်အစီအစဉ်နှင့်အတူ "Thailand Plus One" သည် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ရေးလမ်းကြောင်းများ ချဲ့ထွင်မှုနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာတို့တွင် ပထမအဆင့် စက်မှုလုပ်ငန်းတည်ထောင်မှုတို့ကို အရှိန်မြှင့်နေသည်။ နယ်စပ်ဖြတ်ကျော်ထောက်ပံ့ရေးလမ်းကြောင်းများသည် ထပ်မံပြန့်ကားလာနေပြီး ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ ဖွံ့ဖြိုးနေသည့် ထောက်ပံ့ရေးလမ်းကြောင်းများနှင့် စတင်ဆက်သွယ်လျက်ရှိသည်။

- စီးပွားရေးလုပ်ငန်းများသည် မဲခေါင်ဒေသခွဲတစ်နံတစ်လျားတွင်သာမဟုတ်ဘဲ တရုတ်နိုင်ငံ၊ အိန္ဒိယနှင့် အခြားအာဆီယံနိုင်ငံများအပါအဝင် အာရှတစ်တိုက်လုံးတွင် ထောက်ပံ့ရေးလမ်းကြောင်းများကို အထိရောက်ဆုံး အစွမ်းကုန်အသုံးချရန် ရည်ရွယ်သည်။ မဲခေါင်ဒေသခွဲသို့စီးဝင်သည့် လက်ရှိတိုးတက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုအလျဉ်ကို လာမည့်ဆယ်စုနှစ်များအတွင်း အာမမခံနိုင်ပေ၊ သို့သော် ယင်းသည် ပတ်ဝန်းကျင်အပေါ်မူတည်ပြီး ပြောင်းလဲဖွယ်ရှိသည်။ ဤရှင်းရှင်းလင်းလင်းအသိအမှတ်ပြုမှုနှင့်အတူ သက်ဆိုင်ရာနိုင်ငံများ၏ ကိုယ်ပိုင်အားသာချက်များနှင့် ယင်းအားသာချက်များတွင် တွဲလျက်ပါဝင်သော အားနည်းချက်များ၏ နယ်ပယ်ကဏ္ဍများတွင် အထူးပြုသည့် ဒေသတစ်ခုလုံးလွှမ်းခြုံသော ရေရှည်တည်တံ့သော မူဝါဒတစ်ရပ်က နောက်ထပ်စီးပွားရေးဖွံ့ဖြိုးမှု စွမ်းဆောင်ရရှိရေးအတွက် သော့ချက်ဖြစ်မည်ဖြစ်သည်။

- မဲခေါင်ဒေသခွဲသည် တရုတ်နိုင်ငံ၊ အိန္ဒိယနှင့် အခြားအာဆီယံနိုင်ငံများဆိုသည့် ထွန်းသစ်စ ဈေးကွက်များနှင့် ချိတ်ဆက်နေပြီး ယင်းနိုင်ငံများသည် စုစုပေါင်းအားဖြင့် လူဦးရေ ၃.၃ ဘီလီယံကျော်၊ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ရှိသည်။ အဆိုပါ ကြီးထွားလာနေသည့် ဈေးကွက်များနှင့် အသင့်ဆုံးဖြစ်ကာ လိုက်ဖက်ကိုက်ညီသည့် စက်မှုလုပ်ငန်းအဆောက်အအုံတစ်ခုက မဲခေါင်ဒေသခွဲကို အာရှ၏ ထွန်းသစ်စ ဈေးကွက်များအကြား လမ်းဆုံအဖြစ် မြှင့်တင်ပေးနိုင်သည်။ ယင်းက အာရှဒေသအဝှမ်း ကုန်သွယ်မှုဖွံ့ဖြိုးမှုဖြစ်ထွန်းစေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေခြင်းနှင့် အဆင့်မြှင့်တင်ထားသည့် စက်မှုလုပ်ငန်းအဆောက်အအုံများ ထွက်ပေါ်စေခြင်းတို့ဖြင့် အာရှ၏ စီးပွားရေးဖွံ့ဖြိုးမှုအား အစွမ်းကုန်အသုံးချနိုင်သည့် အခြေအနေကို မဲခေါင်ဒေသခွဲအတွက် ဖန်တီးပေးနိုင်သည်။ ယင်းကြောင့် နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချက်သည် မဲခေါင်ဒေသခွဲက "အာရှနှင့် ကမ္ဘာ့ထုတ်ကုန်တန်ဖိုးမြင့်လမ်းကြောင်းများ၏ အချက်အချာ" ဖြစ်လာခြင်းကို ရည်မျှော်သင့်သည်။

## ၂။ မဲခေါင်ဒေသခွဲအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

< ကုန်သွယ်မှုအဆောက်အအုံများ >

- မဲခေါင်ဒေသခွဲနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် ကုန်ထုတ်လုပ်ရေးတည်နေရာများ မဲခေါင်ဒေသတစ်ခုလုံးသို့ချဲ့ထွင်မှုနှင့် တစ်ရှိန်ထိုးတိုးပွားလာမှုနှင့် ဂယ်နိုင်စွမ်းမြင့်တက်လာမှုများကြောင့် မှန်မှန်တိုးတက်လျက်ရှိသည်။ စုစုပေါင်းကုန်သွယ်မှုမှ ဒေသခွဲနိုင်ငံအချင်းချင်းကုန်သွယ်မှုအချိုးက ၂၀၀၂ တွင် ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ တွင် ၆ ရာခိုင်နှုန်းသို့ နှစ်ဆတက်လာခဲ့သည်။ သို့တစေ မဲခေါင်ဒေသအတွင်း ကုန်သွယ်မှုအပြန်အလှန်အမှီပြုမှုမှာ အာဆီယံအဖွဲ့အတွင်း အပြန်အလှန်အမှီပြုမှုနှင့် နှိုင်းယှဉ်ပါက နိမ့်ကျဆဲဖြစ်သည်၊ အထူးသဖြင့် အစားအစာ၊ အီလက်ထရောနစ်ပစ္စည်းနှင့် မော်တော်ကားတို့၏ ကုန်သွယ်မှုအပြန်အလှန်အမှီပြုမှုဖြစ်သည်။
  ကုန်ထုတ်လုပ်ရေးအစုအဖွဲ့များ တစ်နေရာမှတစ်နေရာကူပြောင်းမှုအရေအတွက် တော်တော်နည်းပါးမှုကြောင့် မဲခေါင်ဒေသခွဲအတွင်းရှိ နယ်စပ်ဖြတ်ကျော်ထုတ်လုပ်ရေးကွန်ရက်များမှာ နည်းပါးဆဲဖြစ်ကာ အဆိုပါထုတ်လုပ်ရေးအစုအဖွဲ့များက အများအားဖြင့် လုပ်အားကဲလုပ်ငန်းများဖြစ်သည်။ နိုင်ငံတစ်ခုစီ၏ အားသာချက်များကို ကောင်းကောင်းအသုံးချကာ တန်းမြင့် ထုတ်ကုန်တန်ဖိုးမြှင့်လုပ်ငန်းနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှု၊ နယ်စပ်ဖြတ်ကျော် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များအားဖြင့် ပိုမိုနက်ရှိုင်းသည့် လုပ်အားခွဲဝေသတ်မှတ်မှုနှင့် နက်ရှိုင်းသည့် ကုန်သွယ်မှုအပြန်အလှန်အမှီပြုမှုတို့ကို ယခုထိမတွေ့ရသေးပေ။
- ဒေသကျော်လွန်ကုန်သွယ်မှုအားဖြင့် မဲခေါင်ဒေသခွဲသည် တရုတ်နိုင်ငံနှင့် အိန္ဒိယတို့ကဲ့သို့ အလျင်အမြန်ဖွံ့ဖြိုးနေသည့် ဈေးကွက်များထံ ၂၀၀၀ ခုနှစ်မှစတင်ကာ နှစ်စဉ်တိုးတက်မှုနှုန်းထား ၂၀ ရာခိုင်နှုန်းကျော်ဖြင့် ပို့ကုန်ပမာဏကို တိုးမြှင့်လျက်ရှိသည်။ နှိုင်းယှဉ်၍ကြည့်လျှင် တရုတ်နိုင်ငံမှ အိန္ဒိယသို့ ကုန်တင်ပို့မှုက နှစ်စဉ်တိုးတက်မှုနှုန်းထား ၄၀ ရာခိုင်နှုန်းနီးပါးသို့ ရောက်ရှိနေကာ အိန္ဒိယနိုင်ငံ၏ စုစုပေါင်းသွင်းကုန်ပမာဏတွင် တရုတ်နိုင်ငံမှ တင်သွင်းမှုအချိုးမှာ ၂၀၀၀ ခုနှစ်တွင် ၅ ရာခိုင်နှုန်းအောက်ရှိရာမှ ၂၀၀၉ ခုနှစ်တွင် ၂၇ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံ၏ ပို့ကုန်လုပ်ငန်း ကျယ်ပြန့်လာခြင်းအတွက် အဓိက အခြေခံအကြောင်းများအနက် တစ်ခုမှာ ၄င်းသည် ကုန်ကျစရိတ်ယှဉ်ပြိုင်နိုင်သည့် ကုန်ချောထုတ်လုပ်ငန်းသုံး သွင်းအားစုကုန်ပစ္စည်းများ (intermediate goods) နှင့် ကုန်ချောများ (ဥပမာ စမတ်ဖုန်းများနှင့် PC များအပါအဝင်ဖြစ်သည့် အိုင်စီတီထုတ်ကုန်များ၊ ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများအတွက် မော်တော်ကားအပိုပစ္စည်းများ၊ စက်ရုံသုံးပစ္စည်းကိရိယာနှင့် ထုတ်လုပ်ရေးစက်ယန္တရား) ထောက်ပံ့ခြင်းဖြင့် ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံလုပ်ငန်းနယ်ပယ်များကဲ့သို့ အိန္ဒိယ၏ ဖွံ့ဖြိုးနေသည့် လုပ်ငန်းနယ်ပယ်များကို အောင်အောင်မြင်မြင် ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်သည်။ အပြန်အလှန်အကျိုးဖြစ်ထွန်းပြီး နှစ်ဦးနှစ်ဖက် လိုက်ဖက်ကိုက်ညီသည့် ပြုမှုဆောင်ရွက်နည်းတစ်ရပ်ဖြင့် အိန္ဒိယနှင့် လက်တွဲပူးပေါင်းကာ စက်မှုလုပ်ငန်းများကို အားပေးခြင်းနှင့် ထုတ်ကုန်တန်ဖိုးမြှင့်လမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုတို့က မဲခေါင်ဒေသခွဲအတွက်လည်း အကျိုးပြုလိမ့်မည်ဖြစ်သည်။
- ကုန်တင်ပို့မှုဗဟိုဌာနတစ်ခုအဖြစ် တိုးတက်ဖြစ်ထွန်းရန်အတွက် အခြားစိန်ခေါ်မှုတစ်ခုကို ပို့ကုန်လုပ်ငန်း အခြေခံအဆောက်အအုံတွင်တွေ့ရသည်။ မဲခေါင်ဒေသခွဲတွင် လက်ရှိရှိနေသော ပင်လယ်နက်ဆိပ်ကမ်းများအားလုံးသည် ပစိဖိတ်သမုဒ္ဒရာပတ်လည်ကို မျက်နှာမူထားရာ အိန္ဒိယတိုက်ငယ် (တောင်အာရှ)နှင့် တည်နေရာအနေအထားအရကပ်လျက်တည်ရှိမှု၏ အကျိုးကျေးဇူးကို အပြည့်အဝအသုံးမပြုရသေးဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် (ဒေသခွဲနိုင်ငံများအနက် တောင်အာရှနှင့်အနီးဆုံး) မြန်မာနိုင်ငံတွင် ပင်လယ်နက်ဆိပ်ကမ်းများဖော်

ဆောင်မှုက အရေးပါသည့် ရည်မှန်းချက်တစ်ရပ်ဖြစ်သည်။

< နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) >

- မဲခေါင်ဒေသခွဲသို့ဝင်ရောက်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) က စောစောပိုင်း ၂၀၀၀ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာ ၄ ဘီလီယံမှ ၂၀၁၀ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံသို့ အလျင်အမြန် မြင့်တက်လာခဲ့သည်။ Demographic dividend (နိုင်ငံ၏ မွေး၊ သေနှုန်း လျော့ကျပြီး နောက်ဆက်တွဲအဖြစ် လူဦးရေ၏ အသက်အပိုင်းအခြား ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲကာ အလုပ်လုပ်နိုင်သည့် လူဦးရေနှင့်ယှဉ်သော မှီခိုသူလူဦးရေကျဆင်းပြီး စီးပွားရေးဖွံ့ဖြိုးလာသည့် ဆယ်စုနှစ်များကာလ)များနှင့် အဆင့်မြှင့်တင်ထားသည့် အခြေခံအဆောက်အအုံများကို အကြောင်းပြုကာ ဤဒေသခွဲသည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုပန်းတိုင်ဒေသတစ်ခုအဖြစ်သို့ အသွင်ပြောင်းလဲလာခဲ့သည်။
- သို့သော်ငြား မြင့်တက်လာသည့် FDI က ရေရှည်တွင် ဒေသခွဲ၌ စက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်မှုများ အကျိုးဆက်ထွက်ပေါ်လိမ့်မည်ဟုတ်/မဟုတ် ဂရုတစိုက်ဆန်းစစ်ရန်လိုသည်။
  မဲခေါင်ဒေသခွဲသို့ဝင်ရောက်သော FDI ကို လက်ရှိတွင် သဘာဝအရင်းအမြစ်များ (ဥပမာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်းများ၊ ရေနှင့် မြေယာ)၊ လုပ်အားခချိုသာသည့် လုပ်သားများကိုအသုံးပြုသော လုပ်အားကဲလုပ်ငန်းနယ်ပယ်များ (ဥပမာ ဖိနပ်နှင့် အဝတ်အထည်ချုပ်သည့် လုပ်ငန်း)နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သည့် ပစ္စည်းအစိတ်အပိုင်းတပ်ဆင်ရေးလုပ်ငန်းများအပေါ် အာရုံစိုက်ထားသည်။ ဂျပန်မှလာသည့် FDI ကို မဲခေါင်ဒေသခွဲတစ်နံတစ်လျား အထူးသဖြင့် ကုန်ထုတ်လုပ်ငန်း ထုတ်ကုန်တန်ဖိုးမြင့်လမ်းကြောင်းများ၏ ကြားခံထုတ်ကုန် (ကုန်ချောထုတ်လုပ်ငန်းသုံးသွင်းအားစုကုန်ပစ္စည်း သို့မဟုတ် ကုန်ကြမ်းကို စီမံထုတ်လုပ်ထားသော ကုန်ချောထုတ်ရာတွင်သုံးသည့် ကုန်ပစ္စည်း) မှ ကုန်ချောထုတ်လုပ်သည့် ကုမ္ပဏီကြီး/ငယ်များတွင် အဓိကတွေ့မြင်ရသည်။ ယင်းသို့ဖြစ်ခြင်းသည် ဂျပန်စီးပွားရေးလုပ်ငန်းများအနေဖြင့် မဲခေါင်ဒေသခွဲကို ဘုံထုတ်လုပ်ရေးဗဟိုဌာနတစ်ခုအဖြစ်ရှုမြင်ကာ အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာပြီးနောက် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတွင် လက်ရှိရှိနေသော ၎င်းတို့၏ ထုတ်ကုန်တန်ဖိုးမြင့်လမ်းကြောင်းများကိုချဲ့ထွင်ကာ မဲခေါင်ဒေသတစ်ခုလုံးလွှမ်းခြုံသည့် စီးပွားရေးလုပ်ငန်းအစုအဝေးတည်ဆောက်ရန် ရည်ရွယ်ချက်ကြီးမားစွာထားရှိခြင်းကြောင့်ဟု မှတ်ယူနိုင်သည်။ ထို့အပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းဝင်ငွေတိုးပွားမှုတို့နှင့်အညီ ရင်းနှီးမြှုပ်နှံမှုသည် လက်ကားနှင့် လက်လီရောင်းချမှုမှ ကုန်ထုတ်လုပ်ငန်းဆက်နွယ်ဝန်ဆောင်မှုများအထိဖြစ်သည့် စုံလင်ထွေပြားသည့် စီးပွားရေးလုပ်ငန်းများသို့ ပြန့်နှံ့နေသည်။
- အဆင့်မြှင့်တင်ထားသော စက်မှုလုပ်ငန်းအဆောက်အအုံဆီသို့ ဦးတည်ရွေ့ရှားမှုတစ်ခုအဖြစ် ရေလတ် (အလယ်အလတ်)မှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များချမှတ်ရင်း တန်းမြင့်ထုတ်ကုန်တန်ဖိုးမြင့်လုပ်ငန်းနယ်ပယ်များ (ဥပမာ အစိတ်အပိုင်းများ/တစ်ပိုင်းကုန်ချောများထုတ်လုပ်မှုလုပ်ငန်း အပါအဝင်ဖြစ်သော ကုန်ချောထုတ်လုပ်ငန်းသုံးသွင်းအားစုထောက်ပံ့ရေး လုပ်ငန်းနယ်ပယ်များ၊ ဒီဇိုင်းထုတ်သည့်လုပ်ငန်းများ၊ အိုင်စီတီ၊ လက်လီနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များ)ကို ထောက်ပံ့အားပေးသည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဦးဆောင်သော ကျယ်ပြန့်စုံလင်သည့် စီးပွားရေးလုပ် ငန်းအစုအဝေးတစ်ရပ် ဖွဲ့စည်းတည်ဆောက်မှုကို အားပေးမြှင့်တင်သင့်သည်။ အဆင့်ဆင့်စီမံထုတ်လုပ်မှုမရှိသော ကုန်ကြမ်းများကိုသာ တင်ပို့ခြင်း

ထက် သဘာဝအရင်းအမြစ်များကို (ထုတ်ကုန်အဖြစ်) အဆင့်ဆင့်စီမံထုတ်လုပ်မှုက နောက်ပိုင်းတွင် တန်းမြင့် ထုတ်ကုန်တန်ဖိုးမြင့်လုပ်ငန်းနယ်ပယ်များကို ထောက်ပံ့အားပေးလိမ့်မည်ဖြစ်သည်။

< ပြည်တွင်းစီးပွားရေးလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှု >

- မဲခေါင်ဒေသခွဲ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပြည်တွင်းစီးပွားရေးလုပ်ငန်းများသည်လည်း အတန်ငယ်မြင့်မားသည့် အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးလျက်ရှိသည်။ ယင်းသည် အထူးသဖြင့် ထိုင်းနိုင်ငံအတွက်မှန်ကန်သည်၊ ထိုင်းနိုင်ငံတွင် ကုမ္ပဏီရှယ်ယာ၏ ဈေးကွက်တန်ဖိုးအားဖြင့် ထိပ်ဆုံးအာဆီယံကုမ္ပဏီ ၅ဂ တွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်း ၁၁ ခုရှိပြီး ၄င်းသည် စင်ကာပူနှင့် မလေးရှားနောက်၌ အဆင့် ၃ နေရာတွင်ရှိသည်။
ထို့အပြင် ထိုင်းနိုင်ငံသည် မိမိနိုင်ငံတွင်းသို့ဝင်ရောက်သည့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုကိုသာ လက်ခံနေသည် မဟုတ်ဘဲ အခြားမဲခေါင်ဒေသနိုင်ငံများသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုပေးသည့် အရေးပါသည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်သည်။ အကျိုးဆက်အဖြစ် ၂ဂ၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံသည် (မဲခေါင်ဒေသနိုင်ငံများအတွင်း) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အဓိကပေးသည့်သူတစ်ဦးဖြစ်လာခဲ့သည်။ ဒေသခွဲအတွင်း နယ်စပ်ဖြတ်ကျော်စီးပွားရေးလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှုက ထိုင်းစီးပွားရေးလုပ်ငန်းများ၏ ဦးဆောင်မှုဖြင့် ဖြည်းဖြည်းချင်းတိုးတက်လျက်ရှိသည်။ ယင်းအတွက် ပုံမှန်ပေးနေကျဥပမာမှာ ၂ဂ၁၃ တွင် ဗီယက်နမ်၏ Prime Group လုပ်ငန်းစု (အမေရိကန်ဒေါ်လာ ၂၃၅ သန်း) ကို ထိုင်းနိုင်ငံ၏ Siam Cement Group က ရယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ငွေရေးကြေးရေးလုပ်ငန်းနယ်ပယ်များအတွင်း နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်း ပူးပေါင်းလုပ်ဆောင်မှုက လည်း ပို၍ပို၍ အရေးပါလာနေသည်။ ဥပမာတစ်ခုမှာ Mitsubishi UFJ ဘဏ်က ၂ဂ၁၃ တွင် ထိုင်းနိုင်ငံမှ အယုဒ္ဓယဘဏ် (Bank of Ayudhya) ကို ရ ယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ အခြားဥပမာတစ်ခုမှာ "Thailand Plus One" ဦးတည်ချက်အစီအစဥ်၏ လှုပ်ရှားဆောင်ရွက်မှုအဖြစ် ထိုင်းစီးပွားရေးဘဏ်များ အခြားမဲခေါင်ဒေသနိုင်ငံများသို့ ချဲ့ထွင်လာခြင်းဖြစ်သည်။ မဲခေါင်ဒေသတစ်ခုလုံးအတိုင်းအတာ စီးပွားရေးလုပ်ငန်းပူးပေါင်း လုပ်ဆောင်မှုက အရှိန်ရနေသည်။
- သို့ပင်ဖြစ်သော်ငြား အထူးအားဖြင့် အနီးဂန်းကျင်ဒေသမှ ပိုမိုပေါက်ရောက်မှုရှိသည့် စီးပွားရေးလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှုပုံစံနှင့် နှိုင်းယှဉ်ပါက မဲခေါင်ဒေသခွဲအတွင်း နောက်ထပ် နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှုအတွက် မဖော်ယူရသေးသော အခွင့်အလမ်းများရှိနေသည်။ ပြည်ပစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်ခုတွင် စီးပွားရေးလုပ်ငန်းဖော်ဆောင်ရန်နှင့် ပြည်တွင်းကုန်ကြမ်းနှင့် ဂန်ဆောင်မှုများရယူရေးအတွက် ထိုနိုင်ငံရှိ ပြည်တွင်းစီးပွားရေးလုပ်ငန်းမိတ်ဖက်များ ရှာတွေ့ရန် စိတ်ထက်သန်ကြသည်။ သို့သော် မဲခေါင်ဒေသခွဲအတွင်းရှိ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ သင့်တော်လုံလောက်မှုမရှိသော စီးပွားရေးအစွမ်းအစနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ကြောင့် ပြည်ပစီးပွားရေးလုပ်ငန်းများအနေဖြင့် အခက်အခဲများကြုံတွေ့ရသည်။
- အထူးသဖြင့် ထိုင်းစီးပွားရေးလုပ်ငန်းများဖြစ်သည့် မဲခေါင်ဒေသစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးအစွမ်းအစက အာဆီယံဒေသတွင် မြင့်မားသည်၊ သို့သော် အာရှမှ တရုတ်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးအစွမ်းအစနှင့်ယှဉ်လျှင် နိမ့်ပါးဆဲဖြစ်သည်။ စီးပွားရေးလုပ်ငန်းမဟာမိတ်ဖွဲ့မှုများ သို့မဟုတ် M&A (စီးပွားရေးလုပ်ငန်းချင်းပေါင်းစည်းမှုများနှင့် ရယူပိုင်ဆိုင်မှုများ) အပါအဂင် စီးပွားရေးလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှုကို အားပေးအားမြှောက်ပြုခြင်းအရ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် မူဂါဒဆိုင်ရာပလက်ဖေါင်းများတွင် တိုးတက်မှုရှိရန်လိုသေးသည်။ မဲခေါင်ဒေသစီးပွားရေးလုပ်ငန်းများသည် ၄င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဂျပန်စီးပွားရေးလုပ်ငန်းများ၏ ကျွမ်းကျင်မှုထံမှ ဆည်းပူးရယူနိုင်သော ကော်ပိုရိတ်အုပ်ချုပ်မှုကို အဆင့်မြှင့်ရန် ဂျပန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကိုလည်း ရှာနိုင်သည်။

< သုတေသနနှင့် ဖွံ့ဖြိုးရေး (R&D) ပြုဖွယ်ဆောင်တာများ >

- နောက်ဆုံးပေါ်အဆင့်မြင့်နည်းပညာများရှိပြီး ကုန်ချောထုတ်လုပ်ငန်းသုံး သွင်းအားစုထောက်ပံ့ရေးလုပ်ငန်းနယ်ပယ်များကို အားပေးသည့် စီးပွားရေးလုပ်ငန်းများထံမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်းဖြင့် မော်တော်ကားနှင့် အီလက်ထရွန်းနစ်လုပ်ငန်းနယ်ပယ်များကဲ့သို့ ပညာအခြေပြုလုပ်ငန်းနယ်ပယ်များပါရှိသည့် ကမ္ဘာ့အဆင့် စီးပွားရေးလုပ်ငန်းအစုအဝေးတစ်ခု မဲခေါင်ဒေသခွဲတွင် စတင်ဖြစ်ထွန်းလျက်ရှိသည်။

  ယင်းအပြင် ထိုင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ရေးဗဟိုဌာနကို မကြာသေးမီနှစ်များအတွင်း အဆင့်မြှင့်တင်လျက်ရှိသည်။ ကြီးမားသည့် ဂျပန်မော်တော်ကားနှင့် ကားအစိတ်အပိုင်း (ဥပမာ တာယာနှင့် ဘက်ထရီ) စီးပွားရေးလုပ်ငန်းများက အထူးသဖြင့် ထိုင်းနိုင်ငံဖြစ်သည့် မဲခေါင်ဒေသခွဲတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်ချဲ့ထွင်ရန် ရည်ရွယ်ကြောင်း ထုတ်ဖော်အသိပေးခြင်းဖြင့် ယင်းသို့သောအဆင့်မြှင့်တင်မှုများကို ထောက်ခံအားပေးသည်။

  သို့တစေ တရုတ်နိုင်ငံ၊ စင်ကာပူနှင့် မလေးရှားတို့နှင့် နှိုင်းယှဉ်သောအခါ နိုင်ငံလူဦးရေတွင် သုတေသီအရေအတွက်နှင့် မှတ်ပုံတင်မှုပိုင်းပူးပေါင်းဆောင်ရွက်ရေးတရားဝင်သဘောတူညီချက် (Patent Cooperation Treaty) အသုံးပြုမှုအရေအတွက်က ထိုင်းနိုင်ငံနှင့် ဗီယက်နမ်မှာပင် သိသိသာသာ နည်းပါးသည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့သည် မဲခေါင်ဒေသခွဲနိုင်ငံများအနက် ပညာကဲလုပ်ငန်းနယ်ပယ်များ၏ ဗဟိုဌာနများဖြစ်လာရန် အလားအလာမြင့်မားသည်။ ယင်းနှစ်နိုင်ငံ၏ ရှိပြီးဖြစ်သည့် နည်းပညာအခြေခံများကို ပိုကောင်းစေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးပြုဖွယ်ဆောင်တာများ နောက်ထပ်လေ့လာဖော်ထုတ်သင့်သည်။

< ယှဉ်ပြိုင်နိုင်စွမ်းရှိသော အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ >

- အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း (SME) သည် ကော်ပိုရိတ်ပြုဖွယ်ဆောင်တာများနှင့် အလုပ်အကိုင်ရှုထောင့်များမှ နိုင်ငံ၏ စက်မှုလုပ်ငန်းအဆောက်အအုံကို အဓိကသယ်ဆောင်သူတစ်ဦးဖြစ်ရာ SME ကို အားဖြည့်ပေးခြင်းက နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် မုချလိုအပ်သင့်သည်။ သို့သော် လူသားအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်များကို အကန့်အသတ်ဖြင့်သာ ရနိုင်မှုကြောင့် မဲခေါင်ဒေသခွဲမှ SME သည် ဆန်းသစ်တီထွင်မှုနှင့် ဈေးကွက်သစ်များဖွင့်မှုတို့မရှိရာ ကုန်ထုတ်နိုင်စွမ်းတိုးတက်အောင်လုပ်မှုတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည်။
- ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို အားပေးရန်အတွက် စီးပွားရေးစွမ်းဆောင်မှု၊ လုပ်သားအင်အားတွင် အမျိုးသမီးများနှင့် လူငယ်မျိုးဆက်သစ်တို့ပါဝင်မှုနှင့် သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော ငွေကြေးထောက်ပံ့မှု အလှမ်းမီရရှိနိုင်မှုတို့ကို ပိုကောင်းစေခြင်းဖြင့် ငွေကြေးအရင်းအမြစ်နှင့် လူသား အရင်းအမြစ်တွင် အကန့်အသတ်များဖယ်ထုတ်ခြင်းကို ပထမဦးစားပေးသတ်မှတ်မှုအဖြစ် နေရာပေးသင့်သည်။ ထို့အပြင် ကမ္ဘာ့ထုတ်လုပ်ထောက်ပံ့မှု လမ်းကြောင်းများနှင့် နိုင်ငံစုံကော်ပိုရေးရှင်းများက ဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းအစုအဝေးများသို့ ပူးပေါင်းပါဝင်ခြင်းဖြင့် ကုန်ထုတ်နိုင်စွမ်းမြှင့်တင်မှုနှင့် ဈေးကွက်တွင် နေရာရနိုင်မှု တိုးတက်ကောင်းမွန်အောင်လုပ်မှုတို့ကို အမှန်တကယ်ဖြစ်မြောက်စေရန်နှင့် ဆန်းသစ်တီထွင်မှုကို အားပေးမြှင့်တင်ရန်လိုအပ်သည်။ ငွေကြေးထောက်ပံ့မည့်သူက ငွေကြေးထောက်ပံ့မှုရယူလိုသူနှင့်ပတ်သက်သော နောက်ခံကို သေသေချာချာမသိမှုနှင့် စရိတ်စကကာမိမှုဆိုင်ရာပြဿနာကြောင့် SME သည် လုပ်ငန်းကြီးလုပ်သည့် ကုမ္ပဏီများထက် ထောက်ပံ့ငွေရရှိရန်ခက်ခဲမှုနှင့် ပိုကြုံရတတ်သည်။ SME အတွက် ငွေကြေးထောက်ပံ့မှု ရရှိနိုင်မှုကို တိုးတက်ကောင်းမွန်စေခြင်းက အဆောတလျင်ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်သည်။
- မဲခေါင်ဒေသခွဲတစ်နံတစ်လျားတည်ရှိသည့် ကမ္ဘာ့ထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်းများကို ထောက်ရှုစဉ်းစားပါက နိုင်ငံများက လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းထားသည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်၊ အမျိုးမျိုးသော အစိုးရလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူအောင်လုပ်မှုတို့ အပါအဝင် အစိုးရထောက်ခံအားပေး

သည့် ဦးတည်လုပ်ဆောင်ချက်များသည် အထက်ဖော်ပြပါအရေးကိစ္စများကို ထိထိရောက်ရောက်ဖြေရှင်းရန် မဖြစ်မနေလိုအပ်သည်။

< ဒေသတွင်းဆက်သွယ်မှု >

- မဲခေါင်ဒေသတွင်းဆက်သွယ်မှုသည် မကြာသေးမီမှစကာ မှန်မှန် တိုးတက်ကောင်းမွန်လျက်ရှိသည်။ ယင်းအတွက် ပြနေကျဥပမာတစ်ရပ်က Tsubasa တံတားဖွင့်လှစ်မှုအပါအဝင် တောင်ဘက်စီးပွားရေးစင်္ကြံ (South Economic Corridor) မှ တိုးတက်မှုဖြစ်သည်။ Tsubasa တံတားအတွက် ဂျပန်အစိုးရက ၎င်း၏ တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့ (ODA) ကူညီမှုပေးခဲ့ပြီး ယင်းသည် ကမ္ဘောဒီးယားကုန်းတွင်းပိုင်းကို CaiMep International Terminal နှင့်ဆက်သွယ်ပေးရင်း ကမ္ဘောဒီးယားထုတ်ကုန်များအတွက် မြန်ဆန်သည့် ကုန်တင်ပို့မှုလမ်းကြောင်းများကို တည်ဆောက်ပေးထားသည်။ မည်သို့ဆိုစေ ဆက်သွယ်မှုနှင့်နီးနွယ်သော ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံနှင့် အသင်းအဖွဲ့အခြေခံအဆောက်အအအုံ (soft infrastructure) ဆိုင်ရာ အရေးကိစ္စများက ဒေသတစ်ခုလုံး၏ ထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှု လွယ်ကူချောမောစေခြင်းတွင် အလွန်အရေးကြီးသည့် တစ်ဆို့ကြန့်ကြာမှုများ ဖြစ်နေဆဲဖြစ်သည်။ အထူးအားဖြင့် အခြား မဲခေါင်ဒေသခွဲနိုင်ငံများမှ အတော်အသင့်ရှိသည့် မှန်မှန်တိုးတက်မှုနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင်းနှင့် မြန်မာနှင့် သူ့ပတ်ဝန်းကျင်နိုင်ငံများအကြားမှ လမ်းဖွံ့ဖြိုးရေးတွင် တိုးတက်မှုစိုးစဉ်းမျှသာရှိသည်ဟု စီးပွားရေးလုပ်ငန်းများကဆိုကြသည်။ ၄ ဇူလိုင် ၂၀၁၅ တွင် ဂျပန်နှင့် မဲခေါင်ဒေသနိုင်ငံများမှခေါင်းဆောင်များ ညှိနှိုင်း သဘောတူခဲ့သည့် 'တိုကျိုမဟာဗျူဟာ ၂၀၁၅' (Tokyo Strategy 2015) တွင် မဲခေါင်ဒေသ၌ ဒေသတွင်း တည်ငြိမ်မှုသေချာစေရန်နှင့် "အဆင့်မီဖွံ့ဖြိုးမှု" စွမ်းဆောင်ရရှိရန်ရည်ရွယ်ကာ ဂျပန်က မဲခေါင်ဒေသကို လာမည့် သုံးနှစ် (၂၀၁၆-၂၀၁၈) အတွက် တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့အဖြစ် ဂျပန်ယန်းငွေ ၇၅၀ ဘီလီယံဝန်းကျင်ပေးရန် ကတိပြုခဲ့သည်။ ထိုအချက်အပြင် တိုကျိုမဟာဗျူဟာအသစ်တွင် မဲခေါင်ဒေသနိုင်ငံများသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ငွေချေးနိုင်စွမ်းတိုးချဲ့ရေးအတွက် ၎င်း၏ ဦးတည်လုပ်ဆောင်ချက်အား ထောက်ခံအားပေးသည့်သဘောထားကို ဖော်ပြခဲ့ကာ အနာဂတ်တွင် ၎င်း၏ ငွေလုံးငွေရင်းကိုတိုးမြှင့်ရေး ADB ၏ စဉ်းစားမှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့သလို အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုအတွက် PPP (မတူညီသည့် ငွေကြေးများ၏ ဆက်သွယ်တန်ဖိုးကိုဆုံးဖြတ်သည့် နည်းစနစ်တစ်ခု) အသုံးပြုမှု လွယ်ကူချောမောစေရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ADB တို့အကြား ပူးပေါင်းလုပ်ဆောင်မှု လုပ်နည်း လုပ်ဟန်သစ်တစ်ခုကို အရေးထားဆောင်ရွက်မှုအပါအဝင် ADB နှင့် ပူးပေါင်းလုပ်ဆောင်မည့် "အရည်အသွေးမီ အခြေခံအဆောက်အအုံအတွက် မိတ်ဖက်ပြုမှု" (Partnership for Quality Infrastructure) ကို ဂျပန်က ကြေညာခဲ့ခြင်းကိုလည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့သည်။ ယင်းဦးတည်လုပ်ဆောင်ချက်များကို အသုံးချခြင်းဖြင့် မဲခေါင်ဒေသတွင်းဆက်သွယ်မှု နောက်ထပ်ပိုမိုအားကောင်းလာမည်ဟု မျှော်မှန်းရသည်။ အသင်းအဖွဲ့အခြေခံ အဆောက်အအုံနှင့်ပတ်သက်လျှင် ဒေသတွင်းလုပ်ငန်းစဉ် စီစဉ်ထောက်ပံ့မှုစနစ်များ၏ လွယ်ကူချောမောမှုနှင့် ပွင့်လင်းမြင်သာမှုသေချာစေရေးအတွက် သယ်ယူပို့ဆောင်ရေးဆက်နွယ်စည်းမျဉ်းစည်းကမ်းများနှင့် တစ်ပြေးညီ ထိန်းကျောင်းမှုတို့အား လိုအပ်သလိုဖော်ထုတ်မှုကို အားပေးရမည်ဖြစ်သည်။
- အထူးသဖြင့် လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့မှုတွင် ပို၍ပို၍ ဆန်းပြားရှုပ်ထွေးကာ စုံလင်ထွေပြားသော ဝန်ဆောင်မှုများအားဖြင့် ခေတ်မီအောင်လုပ်ခြင်းက လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့မှုစရိတ်စကများ လျှော့ချရေးအတွက် အရေးပါလှသော အခြေခံအကြောင်းဖြစ်မည်ဖြစ်သည်။ ယင်းအားထုတ်ကြိုးပမ်းမှုများတွင် တစ်ပေါင်းတည်းစုစည်း ကုန်စည်ဝန်ဆောင်မှုများနှင့် ထုတ်ကုန်အအေးခံသိုလှောင်ဖြန့်ဖြူးမှုစနစ်များ၏ ပံ့ပိုးမှုအင်္ဂါရပ်များ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုတို့ပါဝင်သည်။ ခေတ်သစ် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရားမဝင်နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်မှုကိုလည်း သင့်လျော်စွာ စည်းကမ်းထိန်းသိမ်းမှုလုပ်

သင့်သည်။ တစ်ပြိုင်တည်းတွင် လမ်းမများ၏ ရေရှည်ခံမှုနှင့် စက်မှုလုပ်ငန်းသုံးအဆင့်တစ်ခု၌ အခြား ရုပ်ပိုင်းဆိုင်ရာအခြေခံဆောက်အအုံများ အရည်အသွေးမီမှုတို့ သေချာစေရန် လက်ရှိရှိနေသည့် ကုန်စည်ကူးသန်းမှုစည်းမျဉ်းများ (ဥပမာ ကုန်ပစ္စည်းဂန်များ၏ အလေးချိန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ) ကို နောက်ထပ် အားကောင်းအောင်လုပ်သင့်ကာ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို မဲခေါင်ဒေသနိုင်ငံများအားလုံး၏ "ဘုံပိုင်ကုန်ပစ္စည်း" အဖြစ် မှတ်ယူထိန်းသိမ်းသင့်သည်။

- နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမောစေရေး သဘောတူညီချက် (CBTA) နှင့် ၎င်းနှင့် ဆက်စပ်သည့် နှစ်ဦးနှစ်ဖက်နှင့် သုံးဦးသုံးဖလှယ် နားလည်မှုစာချွန်လွှာများသည် ဒေသတွင်းနိုင်ငံချင်း သယ်ယူပို့ဆောင်ရေးကို ယခုထိ ကြီးမားသည့် ပါဝင်အထောက်အကူပြုမှု မရှိသေးပေ။ မဲခေါင်ဒေသနိုင်ငံများသည် CBTA ကို ပို၍လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်လိုအပ်သည်။ တံခါးတစ်ပေါက်တည်းစစ်ဆေးမှု (Single Window Inspection) ကို လျင်လျင်မြန်မြန် စတင်ကျင့်သုံးခြင်းနှင့် အဓိကနယ်စပ်များရှိ ဘုံထိန်းချုပ်ရာနေရာများ (CCA) တွင် တစ်နေရာတည်းစစ်ဆေးမှု (Single Stop Inspection) ကို စတင်ကျင့်သုံးခြင်းတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ ယင်းသဘောတူညီချက်များနှင့်အညီဖြစ်သည့် သင့်လျော်သော လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုနှင့်၊ သဘောတူညီချက်နှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းသစ်များနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံတို့နှင့် ပတ်သက်ပြီး အများပြည်သူထံ သတင်းအချက်အလက်ဖြန့်ဖြူးပေးမှုတို့ကိုလည်း သေချာစေသင့်သည်။ ထို့အပြင် နားလည်မှုစာချွန်လွှာအသီးသီးနှင့်စပ်လျဉ်းပြီး နယ်စပ်ဖြတ်ကျော်လိုင်စင်အရေအတွက် တိုးမြှင့်ပေးခြင်းကို ကုန်ပစ္စည်းအတွက် စီးပွားရေးလိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ ပြောင်းလွယ်ပြင်လွယ်ရှိရှိ ထည့်သွင်းစဉ်းစားသင့်သည်။

< စွမ်းအင်ထောက်ပံ့မှုနှင့် သဘာဝပတ်ဝန်းကျင် >

- မဲခေါင်ဒေသခွဲ၌ အခြားစိန်ခေါ်မှုတစ်ခုကို လျှပ်စစ်ဓာတ်အားထောက်ပံ့မှုတွင် တွေ့ရသည်။ ဒေသတွင်းနိုင်ငံချင်းဖြတ် ဓာတ်အားကွန်ရက်ဖော်ဆောင်မှုမှတစ်ဆင့် ဒေသတွင်းစွမ်းအင်ထောက်ပံ့မှုများ၏ တည်ငြိမ်မှုနှင့် ထိရောက်စွာသုံးစွဲမှုကို တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်သည့် ရင်းနှီးမြှုပ်နှံမှုများများစားစားမရှိပေ။ လက်ရှိ ရှိနေသော စွမ်းအင်ထောက်ပံ့မှုက ရေအားလျှပ်စစ်ထုတ်ယူမှုအပေါ် အလွန်အမင်းမှီခိုနေရပြီး ခြောက်သွေ့ရာသီများတွင် စွမ်းအင်ဖြည့်စွက်ရန်လိုအပ်သည့်အဖြစ်ကို ထည့်တွက်စဉ်းစားကာ အသင့်ဆုံးဖြစ်သည့် စွမ်းအင်ဆိုင်ရာ ပေါင်းစပ်မှုတစ်ခု ဖော်ဆောင်သင့်သည်။ ဒေသတွင်းရှိ နိုင်ငံ ၅ နိုင်ငံအနက် ထိုင်းနိုင်ငံတစ်ခုသာ ကုန်ထုတ်လုပ်ရေးဗဟိုဌာနများသို့ ဓာတ်အားထောက်ပံ့မှုတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်မှုအရ တရုတ်နိုင်ငံထက် နာမည်ဂုဏ်သတင်းပိုကောင်းသည်။ ကမ္ဘောဒီးယားတွင် လျှပ်စစ်ဓာတ်အားတစ်ယူနစ်ဈေးနှုန်းက တရုတ်နိုင်ငံမှာထက်ပိုများပြီး ဗီယက်နမ်နှင့် မြန်မာတို့တွင် ဈေးနှုန်းများ တစ်ရှိန်ထိုးစတက်လာလျက်ရှိသည်။
- ဂျပန်စီးပွားရေးလုပ်ငန်းများသည် ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့တွင် ဓာတ်အားထုတ်ယူရေးစီမံကိန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို ဖြေလျှော့ပေးသည့်နိုင်ငံများတွင် သီးခြားလွတ်လပ်သော ဓာတ်အားထောက်ပံ့ရေးလုပ်ငန်း (IPP) များသည် သေးငယ်ပြီး ထိရောက်မှုနည်းသည့် ဓာတ်အားပေးစက်ရုံများ တည်ဆောက်တတ်သည်။
- မဲခေါင်ဒေသခွဲတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ဓာတ်အားသုံးစွဲမှု နောက်ထပ်မြင့်တက်ရန် မျှော်မှန်းရပြီး လျှပ်စစ်ဓာတ်အားဆက်နွယ်အခြေခံအဆောက်အအုံနှင့် ဒေသတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားဖလှယ်မှုအစီအစဉ်များ အရေးတကြီးလိုအပ်နေသည်။ ယင်းအပြင် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်ကို မျှော်လင့်ဂရုပြုဆောင်ရွက်ခြင်းနှင့်အတူ စွမ်းအင်လိုအပ်ချက် တစ်ရှိန်ထိုးမြင့်တက်လာနိုင်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ဖော်ထုတ်မှုကို ထပ်မံအားပေးမြှင့်တင်သင့်သည်။
- စွမ်းအင်လိုအပ်ချက် တစ်ဟုန်ထိုးမြင့်တက်မှုများကို ရှောင်ရှားရန် စွမ်းအင်ကို ထိရောက်စွာသုံးစွဲမှုနှင့် ထိန်းသိမ်း

စောင့်ရှောက်မှု (EE&C) ကိုလည်း အားပေးမြှင့်တင်ရန်လိုသည်။ EE&C မူဝါဒများနှင့် ဥပဒေရေးရာမူဘောင်များဖော်ထုတ်ခြင်းက အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အတွက် အရေးကြီးသည်။

- မဲခေါင်ဒေသခွဲတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဓာတ်အားလိုအပ်မှု ထိုးတက်ခြင်းတို့နှင့်အပြိုင် ရေ/လေညစ်ညမ်းမှု၊ တောပြုန်းမှု၊ မြေဆီလွှာတိုက်စားမှု၊ ရေရှားပါးမှုနှင့် အန္တရာယ်များသော စွန့်ပစ်ပစ္စည်းပြဿနာများအပါအဝင် အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ရှေ့တန်းရောက်လာသည်။
- ဂျပန်အစိုးရသည် ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုမြင့်တက်သည့် ကာလအပိုင်းအခြားအတွင်း အလားတူစိန်ခေါ်မှုများ ရင်ဆိုင်ခဲ့ရကာ စည်းကမ်းထိန်းသိမ်းမှုနှင့် နည်းပညာရှုထောင့်များမှနေ၍ အမျိုးမျိုးအထွေထွေဖြစ်သော (ဘေးအန္တရာယ်နှင့်ထိခိုက်မှု) လျော့ပါးသက်သာစေရေးစီမံဆောင်ရွက်မှုများ ဖော်ထုတ်ခဲ့ရသည်။ ဤဖြစ်စဉ်တွင် မဲခေါင်ဒေသနိုင်ငံများနှင့် ဂျပန်တို့အကြား ပူးပေါင်းလုပ်ဆောင်မှုကို ဂျပန်အစိုးရ ဆည်းပူးစုဆောင်းထားသည့် အသိပညာနှင့် နည်းပညာတို့ ဖြည့်ဆည်းပေးအပ်ခြင်းမှတစ်ဆင့် ဆောင်ရွက်မည်ဖြစ်သည်။

< လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး >

- ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနှင့် ဗီယက်နမ်တို့တွင် လုပ်သားများနှင့် လုပ်သားစီမံကွပ်ကဲသူများ၏ လုပ်ခလစာများ မကြာသေးမီက မြင့်တက်လာခဲ့သော်လည်း လုပ်ခလစာစရိတ်စက,က တရုတ်နိုင်ငံ၊ အိန္ဒိယနှင့် အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယှဉ်ပြိုင်နိုင်ဆဲဖြစ်သည်။
- သို့သော် ကုန်ထုတ်နိုင်စွမ်းတိုးတက်မှုများမရှိသည့် လုပ်ခလစာထိုးတက်မှုများ၊ လုပ်ငန်းခွင်တွင် လုပ်သားအဝင်အထွက်မြင့်မားမှုနှင့် အလုပ်သမားအငြင်းပွားမှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခြင်းတို့က ကုန်ထုတ်လုပ်ရေးဗဟိုဌာနတစ်ခုအဖြစ် မဲခေါင်ဒေသခွဲ၏ ဆွဲဆောင်နိုင်မှုကို ကျဆင်းစေသည်ဟု စီးပွားရေးလုပ်ငန်းများက သတိပေးသည်။ နယ်စပ်ဒေသများတွင် လုပ်သားအလွန်ရှားပါးပြတ်လပ်မှုကြောင့် "Thailand Plus One" ဦးတည်ချက်အစီအစဉ်နှင့် နောက်ထပ်နယ်စပ်ဖြတ်ကျော် ကုန်ထုတ်လုပ်ရေးချဲ့ထွင်မှုမှာ သူတက်ကြွနိုင်သလောက် တက်ကြွမှုမရှိဟုလည်း ထောက်ပြကြသည်။ ထို့အပြင် အခြေခံပညာနှင့် သက်မွေးဝမ်းကျောင်းအတတ်ပညာတို့ လုံလုံလောက်လောက်တတ်မြောက်မှုမရှိခြင်းကြောင့် ကျွမ်းကျင်လုပ်သားရှားပါးကာ ဒေသခွဲအတွင်း အရည်အသွေးတွင် တိုးတက်မှုအနည်းငယ်မျှနှင့် ကုန်ထုတ်နိုင်စွမ်းမြင့်တက်မှု အနည်းအကျဉ်းသာ အကျိုးဆက်ထွက်ပေါ်ကြောင်းလည်း စီးပွားရေးလုပ်ငန်းများက ပြောကြားသည်။ ဤစိန်ခေါ်မှုများကို မဲခေါင်ဒေသခွဲ၏ ရေလတ် (အလယ်အလတ်)နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်ရာတွင် အဓိကစိန်ခေါ်မှုအဖြစ် ရှုမြင်ကြသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အသေးစိတ်အစီအစဉ်တွင် လိုရင်းအချုပ်ဖော်ပြထားသကဲ့သို့ မဲခေါင်ဒေသခွဲတွင် ရှားပါးသည့် ကျွမ်းကျင်လုပ်သားအရင်းအမြစ်ကို ထိရောက်သည့် အကျိုးရှိရှိအသုံးချခြင်းအတွက် ကျွမ်းကျင်လုပ်သား လွတ်လပ်စွာစီးဆင်းမှုကို မဖြစ်မနေလိုအပ်သည်။ ဒေသအတွင်း ပြောင်းလွယ်ပြင်လွယ်ရှိကာ ချောမွေ့သော လုပ်သားရွှေ့လျားမှုက စီးပွားရေးလုပ်ငန်းများအတွက် ဆွဲဆောင်မှုဖြစ်စေသော်လည်း ကျွမ်းကျင်မှုမရှိသော လုပ်သားများနှင့်ပတ်သက်ပြီး ဒေသခွဲ၌ နိုင်ငံအလိုက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအဆင့် အမျိုးမျိုးကြောင့်ဖြစ်ပေါ်သည့် လုပ်ခလစာကွာဟမှုများက လုပ်သားရွှေ့ပြောင်းနေထိုင်မှုများ တစ်ခဲနက်ဖြစ်ပေါ်စေမည်ကို စိုးရိမ်ကြသည်။

## ၃။ အနာဂတ် မဲခေါင်ဒေသတစ်ခုလုံး စက်မှုလုပ်ငန်းအဆောက်အအုံ

၀ မဲခေါင်ဒေသခွဲ၏ စီးပွားရေးဦးဆောင်နိုင်ငံအဖြစ် ထိုင်းနိုင်ငံသည် စက်မှုလုပ်ငန်းတည်ထောင်မှုတွင် ရှေ့မှဦးဆောင်သင့်ကာ အခြားမဲခေါင်ဒေသနိုင်ငံများသို့ နည်းပညာလက်ဆင့်ကမ်းမှု မြှင့်တင်သင့်သည်။ လက်ရှိရှိနေသည့် မော်တော်ကားနှင့် အီလက်ထရွန်းနစ် စီးပွားရေးလုပ်ငန်းအစုအဝေးကို အစွမ်းကုန်အသုံးချခြင်းနှင့်

အရင်းအနှီးပမာဏအများဆုံးဖြင့် ဦးဆောင်ရင်းနှီးမြှုပ်နှံသူအဖြစ် ၎င်း၏အနေအထားကို ကောင်းကောင်းအသုံးချခြင်းတို့ဖြင့် ထိုင်းနိုင်ငံသည် ပြည်တွင်းလုပ်ငန်းနယ်ပယ်များနှင့် နည်းပညာတို့ကို အဆင့်မြှင့်တင်နိုင်ကာ တစ်ဖက်တွင် ဒေသခွဲတစ်နံတစ်လျား ၎င်း၏ ထုတ်လုပ်ထောက်ပံ့မှု လမ်းကြောင်းများကို ချဲ့ထွင်နိုင်သည်။ ဥပမာအားဖြင့် နောက်ဆုံးအဆင့်စက်အစိတ်အပိုင်းတပ်ဆင်မှုနှင့် အစိတ်အပိုင်းထုတ်လုပ်မှုလုပ်ငန်းများအပြင် တန်းမြင့်ထုတ်ကုန်တန်ဖိုးမြင့်လုပ်ငန်းများနှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနများကို ထိုင်းနိုင်ငံတွင် ဖော်ထုတ်နိုင်မည်ဖြစ်သည် (ဥပမာ မော်တော်ကားလုပ်ငန်းနယ်ပယ်တွင် ECU (အင်ဂျင်ထိန်းချုပ်ရေးယူနစ်) ဆော့ဖ်ဝဲ ရေးဆွဲဖော်ထုတ်မှုနှင့် အသုံးချမှု၊ အီလက်ထရွန်းနစ်လုပ်ငန်းနယ်ပယ်တွင် အထွေထွေအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနှင့် သန့်စင်ခန်းတပစ္စည်းအရောင်းတင်မှု)။

o ဗီယက်နမ်သည် ဂင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ယင်းနိုင်ငံတွင် ကုန်ချောထုတ်လုပ်ငန်းသုံး သွင်းအားစုထောက်ပံ့မှုလုပ်ငန်းနယ်ပယ်များက ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပေ၊ သို့သော် ဗီယက်နမ်သည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂဈေးကွက်များသို့ ကောင်းစွာသွားရောက်နိုင်မှုပေးသော ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်နက်ဆိပ်ကမ်း စီစဉ်ဖော်ဆောင်ထားမှုများနှင့် ကမ္ဘာတွင် အကြီးမားဆုံး စီးပွားရေးလုပ်ငန်းအစုအဝေးများရှိရာ တရုတ်နိုင်ငံတောင်ပိုင်းနှင့် ပထဝီအနေအထားအရ ကပ်လျက်တည်ရှိမှုတို့ ပိုင်ဆိုင်ထားသည့် ဒေသခွဲအတွင်း လူဦးရေအများဆုံးတိုင်းပြည်အဖြစ် ၎င်း၏ တိုးတက်ဖြစ်ထွန်းရန်အလားအလာကို အစွမ်းကုန်အသုံးချသင့်သည်။ ဂယ်လိုအားမြှင့်တင်မှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှု၊ ကုန်သွယ်မှုဖြေလျှော့ပေးမှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများမှစသည့် အမျိုးမျိုးသော တစ်ပြေးညီဖြစ်သည့် စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒများက မော်တော်ကားနှင့် အီလက်ထရွန်းနစ် လုပ်ငန်းနယ်ပယ်များအပါအဝင် လုပ်ငန်းနယ်ပယ်များထံ ဂျပန်၊ တရုတ်နိုင်ငံနှင့် ကိုရီးယားတို့မှ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုကို လွယ်ကူချောမောစေနိုင်သည်။ ဗီယက်နမ်သည် ချည်ငင်လုပ်ငန်းအစရှိသော ကုန်ကြမ်းကို ကုန်ချောထုတ်ရာတွင်သုံးသည့် ကြားခံထုတ်ကုန်များအဖြစ်သို့ စီမံထုတ်လုပ်မှုလုပ်ငန်းများ သို့မဟုတ် ကုန်ထုတ်လုပ်ငန်းမှ အနစိတ်တပ်ဆင်မှုလုပ်ငန်းစဉ်များတွင် ဂျပန်နှင့် တရုတ်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို စတင်ဆွဲဆောင်လျက်ရှိသည်။ ဗီယက်နမ်သည် TPP (ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ပြုမှု) ၊ RCEP (ဒေသတွင်း ကဏ္ဍစုံစီးပွားရေးမိတ်ဖက်ပြုမှု) နှင့် ဥရောပသမဂ္ဂနှင့် လက်တွဲဆောင်ရွက်ခြင်းတို့ကဲ့သို့ ရှေ့ရောက်တိုးတက်သည့် EPA (စီးပွားရေးမိတ်ဖက်ပြုမှုသဘောတူညီချက်) အားထုတ်ကြိုးပမ်းမှုများကို အကျိုးရှိရှိအသုံးချသည့် မူဝါဒများ ချမှတ်ကျင့်သုံးခြင်းဖြင့် ယင်းသို့သော ကုန်ကြမ်းကို ကုန်ချောထုတ်ရာတွင်သုံးသည့် ကြားခံထုတ်ကုန်များအဖြစ်သို့ စီမံထုတ်လုပ်မှုလုပ်ငန်းကို အားပေးနိုင်မည်ဖြစ်သည်။

o ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာတို့သည် စက်မှုလုပ်ငန်းတည်ထောင်မှု စောစောပိုင်းအဆင့်များတွင်ရှိနေပြီး ယင်းကြောင့် ဦးစားပေးသတ်မှတ်မှုမှာ လယ်ယာစိုက်ပျိုးရေးနှင့် ငါးလုပ်ငန်း၊ အစားအစာအဆင့်ဆင့်စီမံထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းတို့ကဲ့သို့ ပေါများသည့် လုပ်သား နှင့်/သို့မဟုတ် သဘာဝအရင်းအမြစ်များကို အစွမ်းကုန်အသုံးချသည့် လုပ်ငန်းနယ်ပယ်များကို ထောက်ပံ့အားပေးရန်ဖြစ်သည်။ ရေတိုတွင် အခြားဦးစားပေးသတ်မှတ်မှုတစ်ခုမှာ လုပ်အားကဲလုပ်ငန်းများအပါအဝင် အခြားနိုင်ငံများမှ ကုန်ထုတ်လုပ်ရေးအစုအဖွဲ့များကို ဖိတ်ခေါ်ခြင်းနှင့် ဂန်ဆောင်မှုဆက်နွယ်ကုန်ကျစရိတ်များကို လျှော့ချခြင်းတို့ဖြင့် ကမ္ဘာ့ထုတ်လုပ်ရေးကွန်ရက်တွင် ပူးပေါင်းပါဂင်ခြင်းဖြစ်သည်။ ယင်းသို့လုပ်ခြင်းသည် ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်များမှ ဆင့်ပွားရရှိသော နည်းပညာကို အစွမ်းကုန်အသုံးချခြင်းဖြင့် ပြည်တွင်းကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကာ လုပ်သားများ၏အဆင့်အတန်းကို အားဖြည့်ပေးနိုင်သည်။

မည်သို့ဆိုစေ လုပ်အားကဲလုပ်ငန်းတည်နေရာများက ပြောင်းလဲနိုင်သည်။ ထို့ကြောင့် ရေရှည်တွင် အနီးဂန်းကျင်

ဒေသ/နိုင်ငံများနှင့် လိုက်ဖက်ကိုက်ညီသည့်၊ နိုင်ငံတစ်ခုစီ၏ ရှိရင်းစွဲအင်အားကို ကောင်းကောင်းအသုံးချသည့် လုပ်ငန်းနယ်ပယ်များကို ထောက်ပံ့အားပေးခြင်းက အရေးကြီးသည်။

ဥပမာ လက်ရှိရှိနေသော ဖိနပ်၊ အဂတ်အထည်စသည် ချုပ်လုပ်မှုလုပ်ငန်းများနှင့်အတူ ကမ္ဘောဒီးယားနှင့် မြန်မာသည် ချည်ငင်ခြင်းနှင့် ရက်လုပ်ခြင်း သို့မဟုတ် ထုတ်ကုန်စီမံခြင်းတို့ကဲ့သို့ တန်းမြင့် ထုတ်ကုန်တန်ဖိုးမြှင့်လုပ်ငန်းများကို ဆွဲဆောင်နိုင်သည်။ ထို့အပြင် အလယ်အလတ်နှင့် တန်းမြင့်ထုတ်ကုန်တန်ဖိုးမြှင့် လုပ်ငန်းနယ်ပယ်များ၌ ရေရှည်ဖွံ့ဖြိုးရေးအတွက် ထုပ်ပိုးမှုနှင့် စစ်ဆေးမှု၊ ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများ တိုးချဲ့မှုနှင့် အစိတ်အပိုင်းကုန်ထုတ်လုပ်ငန်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးတို့ ပေါင်းစပ်ပါဝင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်များအပါအဝင် လုပ်ငန်းနယ်ပယ်အားလုံး၏ အချက်အချာအဖြစ် လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့မှုဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်မနေလိုအပ်သည်။

အလွန်ပေါများသည့် ရေအရင်းအမြစ်များ၊ မြေသြဇာကောင်းသည့် မြေဆီလွှာနှင့် စရိတ်ချိုသာသည့် လုပ်သားများနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အနစိတ်စက်ယန္တရားလုပ်ငန်းနယ်ပယ် (ဥပမာ မုန်ဘီလူးအရောင်တင်မှုလုပ်ငန်းများ)၊ ဓာတ်သတ္တုအဆင့်ဆင့် စီမံထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်၊ စိုက်ပျိုးရေးထွက်ကုန် အဆင့်ဆင့် စီမံထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်၊ လျှပ်စစ်ပစ္စည်းကိရိယာနှင့် အီလက်ထရွန်းနစ် ပစ္စည်းအစိတ်အပိုင်း တပ်ဆင်မှုလုပ်ငန်းနယ်ပယ်တို့ ဖန်တီးဖော်ထုတ်မှုတွင် သိသိသာသာဖြစ်သည့် အကျိုးကျေးဇူးရနိုင်သည်။ ပေါများသည့် သဘာဝအရင်းအမြစ်များက ကုန်ကြမ်းများတင်ပို့ရန် ဖြစ်နိုင်ခြေကိုသာ ပေးသည် မဟုတ်ဘဲ ဒေသတွင်း၌ အရင်းအမြစ်များကို ထုတ်ကုန်အဖြစ် အဆင့်ဆင့်စီမံထုတ်လုပ်ခြင်းနှင့် ထုတ်ကုန်တန်ဖိုးမြှင့်ခြင်းဖြင့် စက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်မည့် အခွင့်အရေးကိုလည်း ပေးသည်။
ယင်းအပြင် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့် ဖြန့်ဖြူးမှုတွင် ပိုမိုထိရောက်အကျိုးရှိမှုက မဲခေါင်ဒေသခွဲ၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်ကို အင်အားပေးနိုင်မည်ဖြစ်သည်။

၀ အထက်ပါ စက်မှုလုပ်ငန်းတည်ထောင်မှုနှင့် စက်မှုလုပ်ငန်းအဆောက်အအုံတွင် ပြောင်းလဲမှုနှင့်အတူ ကျေးလက်နေလူဦးရေလျော့ကျခြင်းများနှင့် ဂင်ငွေကွာဟချက်များ ကျယ်ပြန့်လာမှုတို့ကဲ့သို့ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များမှ စိန်ခေါ်မှုများ ထွက်ပေါ်လာရန် တွက်ဆနိုင်သည်။ ဤစိန်ခေါ်မှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျေးလက်ဒေသများ၏ အဓိကလုပ်ငန်းနယ်ပယ်များဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် အစားအစာလုပ်ငန်းနယ်ပယ်များအား အစားအစာထုတ်ကုန်တန်ဖိုးမြှင့်လမ်းကြောင်းကို ဖွဲ့စည်းဖြစ်ပေါ်စေသည့် မဟာဗျူဟာမြောက်လုပ်ငန်းနယ်ပယ်များအဖြစ် စီစဉ်နေရာချရန်နှင့် ယင်းတို့ကို တန်းမြင့်ထုတ်ကုန်တန်ဖိုးမြှင့် လုပ်ငန်းနယ်ပယ်များအဖြစ်သို့ အဆင့်မြှင့်တင်ရန်လည်း အရေးကြီးသည်။ အရှေ့အာရှတွင် အစားအစာလိုအပ် ချက်မြင့်တက်နေမှုနှင့် မဲခေါင်ဒေသခွဲ၏ တည်နေရာအနေအထားအရ အရေးသာမှုများကို ထောက်ရှုစဉ်းစားပါက အစားအစာဖူလုံရေးရည်ရွယ်ချက်နှင့်အတူ ထူးကဲဟင်းသီးဟင်းရွက်များ/သစ်သီးများအား စိုက်ပျိုးခြင်းနှင့် အစား အစာထုတ်ကုန်အဖြစ် အဆင့်ဆင့်စီမံထုတ်လုပ်ခြင်းတို့ကို အားပေးအားမြှောက်ပြုခြင်းက အလားအလာကောင်း ရှိနိုင်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် အစားအစာအဆင့်ဆင့် စီမံထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုက ကုန်ထုတ်လုပ်ငန်း (လယ်ယာစိုက်ပျိုးရေးစက်ပစ္စည်းထုတ်လုပ်မှု၊ အစားအစာစီမံထုတ်လုပ်မှုစက်ယန္တရား) နှင့် ဆက်စပ်ထုတ်ကုန်တန်ဖိုးမြှင့်မှုလမ်းကြောင်းများ၏ သက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များ (ကုန်ပစ္စည်းအအေးခံသိုလှောင်ဖြန့်ဖြူးမှုဆိုင်ရာ လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့ရေးဝန်ဆောင်မှုများ၊ အစားအစာလက်လီရောင်းသည့်ဆိုင်များနှင့် အစားအစာဝန်ဆောင်မှုများ)ကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။ ထို့အပြင် လယ်ယာစိုက်ပျိုး

ရေးနှင့် အစားအစာဆက်နွယ်လုပ်ငန်းနယ်ပယ်များကို ပေါင်းစည်းခြင်းက လယ်ယာစိုက်ပျိုးရေးကို "Sixth Industry" (ပထမ အဆင့်စက်မှုလုပ်ငန်း၊ ဒုတိယအဆင့်စက်မှုလုပ်ငန်းနှင့် တတိယအဆင့်စက်မှုလုပ်ငန်းတို့၏ ပေါင်းစပ်မှု) ခေါ်သည့် လုပ်ငန်းနယ်ပယ်ဖြစ်လာရန်နှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနယ်ပယ်ထဲသို့ တန်ဖိုးပေါင်းထည့်ပေးရန် အထောက်အကူပြုမည်ဖြစ်သည်။ ယင်းက မဲခေါင်ဒေသခွဲတွင် အစားအစာထုတ်ကုန်တန်ဖိုးမြှင့်လမ်းကြောင်းတစ်ခု ပေါ်ထွက်မှုဖြစ်စေနိုင်ကာ ကမ္ဘာ့အစားအစာထုတ်ကုန်တန်ဖိုးမြှင့်မှုလမ်းကြောင်းသို့ ဆက်သွယ်ဝင်ရောက်မှုဆီ ဦးတည်ပေးနိုင်သည်။

ဥပမာအားဖြင့် မဲခေါင်ဒေသခွဲတွင် လယ်ယာစိုက်ပျိုးရေးကို နောက်ထပ်စက်မှုအသွင်သို့ ပြောင်းလဲခြင်း (လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခြင်း)က စက်ယန္တရားထုတ်လုပ်မှုအား ပြည်တွင်းမှာပင် ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုလိမ့်မည်ဖြစ်ကာ ကုန်ထုတ်နိုင်စွမ်းပိုကောင်းစေခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်သားချို့တဲ့မှုကို ဖာထေးပေးလိမ့်မည်ဖြစ်ပြီး လုပ်သားများကို ပထမအဆင့်စက်မှုလုပ်ငန်းများမှ ဒုတိယအဆင့်နှင့် တတိယအဆင့်စက်မှုလုပ်ငန်းများသို့ ကူးပြောင်းပေးမှုကို ထောက်ပံ့ကူညီလိမ့်မည်ဖြစ်သည်။ ယင်းအပြင် ကုန်ပစ္စည်းအအေးခံသိုလှောင်ဖြန့်ဖြူးမှုလမ်းကြောင်းအတွက် လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့မှုများပေးသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုက လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၏ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သလို လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို သမာရိုးကျ ဖြန့်ဖြူးမှုစနစ်များကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။ ထို့အပြင် "Sixth Industry" အမှန်တကယ်ဖြစ်မြောက်မှု၏ အကျိုးရလဒ်အဖြစ် တောင်သူများနှင့် SME များသည် ဈေးကွက်များသို့ တိုက်ရိုက်အလှမ်းမီရောက်ရှိနိုင်မှု ရရှိခြင်းဖြင့် တောင်သူများအတွက် ဝင်ငွေတိုးခြင်းနှင့် ကျေးလက်စီးပွားရေးအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတို့ကဲ့သို့ အခြားစီးပွားရေးအကျိုးကျေးဇူးများ ရနိုင်သည်။

- o မဲခေါင်ဒေသတစ်ခုလုံးနှင့် အသင့်ဆုံးဖြစ်သည့် ဤစက်မှုလုပ်ငန်းအဆောက်အအုံမှတစ်ဆင့် ဂျပန်နှင့် မဲခေါင်ဒေသနိုင်ငံများတွင် တူညီစွာရှိသည့် မျှော်မှန်းချက်မှာ မဲခေါင်ဒေသခွဲရှိ နိုင်ငံသားတိုင်း "သာယာဝပြောသည့်ဘဝများ" ရရှိခံစားနိုင်သော၊ သက်ဆိုင်ရာယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အမွေဆက်ခံထိန်းသိမ်းထားသော၊ စက်မှုလုပ်ငန်းတည်ထောင်မှုက ပိုမြင့်မားသည့် ဘဝအရည်အသွေးနှင့် သုံးစွဲမှုအသားကျတည်ငြိမ်ခြင်းတို့ ဆောင်ကြဉ်းပေးသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။
- o ဂျပန်အစိုးရနှင့် ဂျပန်စီးပွားရေးလုပ်ငန်းများသည် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများ နှစ်ဦးစလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကိုဖြစ်စေသည်မှာ မျှတပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုဖြစ်သည်ဆိုသော ယုံကြည်ချက်အပေါ်အခြေပြုကာ မဲခေါင်ဒေသနိုင်ငံများနှင့် မြို့များအကြား လက်ရှိရှိနေသော ကွာဟမှုများကို ပေါင်းကူးပေးရန် မဲခေါင်ဒေသနိုင်ငံများနှင့် မဲခေါင်ဒေသမှ စီးပွားရေးလုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။

## ၄။ မူဝါဒလမ်းညွှန်ချက်

- မဲခေါင်ဒေသခွဲတွင် ပိုမိုနက်ရှိုင်းသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုနှင့် ထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်းများ တိုးချဲ့ရေးဆီဦးတည်ကာ ၁) အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆက်ပြုဆောင်ရွက်မှု၊ ၂) ပိုမိုရှေ့ရောက်တိုးတက်သော စက်မှုလုပ်ငန်းအဆောက်အအုံအတွက် ခြေကုပ်ယူခြင်းနှင့် ၃) ဒေသတွင်း ထုတ်ကုန်တန်ဖိုးမြှင့်လမ်းကြောင်းကို ထောက်ခံအားပေးသည့် အခြေခံအဆောက်အအုံနှင့် အရင်းအမြစ်များကို အားကောင်းအောင်လုပ်မှုတို့ လိုအပ်သည်။ ဤဒေသတစ်ခုလုံးလွှမ်းခြုံသည့် ဦးတည်ကြိုးပမ်းဆောင်ရွက်မှုများကို ၂၀၂၀ အရောက်တွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး ထိုသို့အားဖြင့် ဤမျှော်မှန်းချက်၏ အကျိုးရလဒ်အဖြစ်

မဲခေါင်ဒေသတွင် ဂျီဒီပီတိုးတက်မှု အမေရိကန်ဒေါ်လာ ၂၀ ဘီလျံ (ယင်းသည် မဲခေါင်ဒေသဂျီဒီပီ၏ ၂.၀ ရာခိုင်နှုန်း) ကြိုးပမ်းရရှိရန် မျှော်လင့်သည်။ ထို့နောက် ဒေသခွဲသည် အာရှ၏ ထုတ်ကုန်တန်ဖိုး မြင့်လမ်းကြောင်းကွန်ရက်တွင် အချက်အချာအဖြစ် အဓိကအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်မည်ဖြစ်ကာ အလျင် အမြန်ဖွံ့ဖြိုးနေသည့် ဧရာမစီးပွားရေးအဆောက်အအုံများရှိသော အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယတို့ထံမှ စီးပွားရေးအကျိုးကျေးဇူးများနှင့်အတူ နောက်ထပ်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ် တည်ဆောက်နိုင် မည်ဖြစ်သည်။

- ယခုမျှော်မှန်းချက်ကို အမှန်တကယ်ဖြစ်မြောက်လာစေရန်နှင့် မဲခေါင်ဒေသနိုင်ငံတစ်ခုစီ ရင်ဆိုင်နေရသော တစ်နိုင်ငံချင်းအလိုက် အရေးကိစ္စများ (ဥပမာ ဗီယက်နမ်၏ စက်မှုလုပ်ငန်းတည်ထောင်ရေးမဟာဗျူဟာ) ကိုဖြေရှင်းရန် စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒများဖော်ထုတ်မှုတွင် ဂျပန်အစိုးရသည် မဲခေါင်ဒေသနိုင်ငံများကို ထောက်ပံ့ကူညီမှု ဆက်ပေးနေကာ ယင်းနိုင်ငံများရှိ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်လျက်ရှိသည်။

### (၁) အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဖက်ပြုဆောင်ရွက်မှု

< ကုန်သွယ်မှုအဆောက်အအုံကို တိုးတက်ကောင်းမွန်စေခြင်း >
AEC (အာဆီယံစီးပွားရေးအသိုက်အဝန်း) နှင့် RCEP (ဒေသတွင်း ကဏ္ဍစုံစီးပွားရေးမိတ်ဖက်ပြုမှု) တို့က အင်အားပေးသည့် အာရှဒေသတစ်ခုလုံး၏ ကုန်ထုတ်လုပ်ရေးဗဟိုချက်နှင့် တင်ပို့မှုဗဟိုဌာနတစ်ခု ဖြစ်လာရန်အတွက် အခြားဒေသများနှင့်နှိုင်းယှဉ်ပြီး မဲခေါင်ဒေသခွဲ၏ စက်မှုလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို နောက်ထပ်မြှင့်တင်သင့်သည်။
ဒေသခွဲအတွင်းရှိနိုင်ငံများအကြား ကုန်ပစ္စည်းများစီးဆင်းမှုကို အထောက်အကူပြုရင်း ဒေသတွင်းထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်းကို ကမ္ဘာ့ထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်းနှင့် ဦးတည်ချိတ်ဆက်ရေးအတွက် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့်ပတ်သက်သည့် ဒေသတွင်းမူဝါဒများကို တစ်စုတည်းပေါင်းစည်းသင့်သည်။
ကုန်တင်ပို့မှုလုပ်ငန်းနယ်ပယ်များ၊ ဒေသခွဲတစ်ခုလုံး ထုတ်ကုန်တန်ဖိုးမြင့်လမ်းကြောင်းများပေါင်းစည်းမှုနှင့် နိုင်ငံတစ်ခုစီအကြား နှစ်ဖက်လိုက်ဖက်ကိုက်ညီသည့် ဆက်ဆံရေးများတည်ဆောက်မှု (ဥပမာ စံချိန်စံညွှန်းဖော်ထုတ်မှုနှင့် တရားဝင်အသိအမှတ်ပြုမှု၊ ကမ္ဘာ့စံချိန်စံညွှန်းမီ ကုန်ပစ္စည်းအအေးခံ သိုလှောင်ဖြန့်ဖြူးမှုလမ်းကြောင်းများ တည်ဆောက်မှုနှင့် စွမ်းရည်မြှင့်တင်မှု) တို့ကို မဟာဗျူဟာမြောက်အားပေးရန်အတွက် နိုင်ငံတစ်ခုစီ၏ ရှိရင်းစွဲအင်အားကို အကျိုးရှိရှိအသုံးချသည့် လုပ်ငန်းနယ်ပယ်များကိုဆွဲဆောင်သော မူဝါဒများအား အသက်ဝင်စေရန်ထိန်းကျောင်းမှုကို ဦးစားပေးသတ်မှတ်မှုတစ်ခုအဖြစ် ဆောင်ရွက်သင့်သည်။
ထို့အပြင် မဲခေါင်ဒေသနိုင်ငံများ ရင်ဆိုင်နေရသည့် လူမှုစိန်ခေါ်မှုများကို ကိုင်တွယ်ဆောင်ရွက်ရန် ကူညီသော "လုပ်ငန်းနယ်ပယ်အသစ်" (ဥပမာ ကျန်းမာရေးစောင့်ရှောက်မှု၊ လူထုမီဒီယာလုပ်ငန်းနယ်ပယ်၊ သဘာဝစွမ်းအင်) ကို ထောက်ပံ့အားပေးရန် ပြည့်စုံကျယ်ပြန့်သည့် အားထုတ်ကြိုးပမ်းမှု လုပ်ဆောင်သင့်သည်။

< အထူးစီးပွားရေးဇုန်များမှတစ်ဆင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း >
နိုင်ငံအတွင်းပိုင်းရှိ အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်အထူးစီးပွားရေးဇုန်များနှစ်ခုစလုံး၏ ဂျပန်ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်မှုကို မြှင့်တင်ရန် JETRO (ဂျပန်ပြင်ပကုန်သွယ်မှုအဖွဲ့အစည်း) နှင့် အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre) တို့ကဲ့သို့ ဆက်စပ်ပတ်သက်မှုရှိသည့် အစုအဖွဲ့များနှင့် မိတ်ဖက်ပြုဆောင်ရွက်မှုဖြင့် ထောက်ပံ့ကူညီရေးဌာနတစ်ခုနှင့်အတူ အသေးစိတ်သတင်းအချက်အလက်ကို ဖြည့်ဆည်းပေးအပ်မည်ဖြစ်သည်။
နယ်စပ်အထူးစီးပွားရေးဇုန်များ ဖော်ဆောင်မှုနှင့်ပတ်သက်လျှင် သက်ဆိုင်ရာအစုအဖွဲ့အားလုံးအတွက် နှစ်ဦးနှစ်ဖက်စလုံး အကျိုးဖြစ်ထွန်းသည့် "Win-win" မဟာဗျူဟာတစ်ရပ် စွမ်းဆောင်ရရှိရန် ထိုင်းအထူးစီးပွားရေးဇုန်များနှင့်

ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာရှိ အထူးစီးပွားရေးဇုန်များတွင် အထူးပြုမှုနှင့် ပူးပေါင်းလုပ်ဆောင်မှုကို ဂရုတစိုက်စဉ်းစားသုံးသပ်ကာ စေ့စေ့စပ်စပ်ဆွေးနွေးသင့်သည်။ ဥပမာအားဖြင့် ကမ္ဘောဒီးယားနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ 'အစိုးရ-လုပ်ငန်းနယ်ပယ် အပြန်အလှန်ဆွေးနွေးပွဲ' (Government-Industry Dialogue) တွင် လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့ရေးဌာနများ တိုးတက်ကောင်းမွန်အောင်လုပ်ခြင်းဖြင့် နယ်စပ်တွင် ပြည့်ကြပ်ဆို့ပိတ်မှုများကို လျော့ပါးသက်သာအောင်လုပ်ရန် သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးနှင့် လူနေနေရာ အဆောက်အအုံများ တည်ထောင်ပေးခြင်းဖြင့် နယ်စပ်ဒေသများတွင် ဘဂအရည်အသွေး တိုးတက်ကောင်းမွန်အောင် လုပ်ရန် ထိုင်းအစိုးရကို တောင်းဆိုခဲ့သည်။

< ပြည်တွင်းစီးပွားရေးလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှု >

credit နှင့် stock ဈေးကွက်နှစ်ခုစလုံးကို အားပေးသည့် ပူးပေါင်းလုပ်ဆောင်မှုကို အားပေးအားမြှောက်ပြုရင်း ပွင့်လင်းမြင်သာသည့် M&A (စီးပွားရေးလုပ်ငန်းပေါင်းစည်းမှုများနှင့် ရယူပိုင်ဆိုင်မှုများ) စည်းမျဉ်းများနှင့် စာရင်းရေးဆွဲမှုအခြေခံသဘောတရားများ ချမှတ်ခြင်းနှင့် အသက်ဝင်စေခြင်း၊ နိုင်ငံအသီးသီး၏ လက်ရှိရှိနေသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မဲခေါင်ဒေသခွဲနှင့် ဂျပန်အကြား အခြားဘုံစကြံန်များ တည်ဆောက်ခြင်းတို့ဖြင့် စီးပွားရေးလုပ်ငန်း ပူးပေါင်းလုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်အောင်လုပ်သင့်သည်။ ဤရည်မှန်းချက်ပန်းတိုင်ကို ဦးတည်သော စွမ်းရည်မြှင့်တင်မှုနှင့် သတင်းအချက်အလက် လက်ဆင့်ကမ်းမှုများကို အားပေးသင့်သည်။ ဂျပန်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဒေသခွဲရှိ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးလုပ်ငန်းနှင့်အပ်စပ်သည့် အခွင့်အလမ်းများ စီစဉ်ပေးအပ်ရန် ကုန်စည်ပြပွဲများ၊ ကုန်သွယ်ရေးအထူးတာဝန်အဖွဲ့များနှင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု နှီးနှောဖလှယ်ပွဲတို့ကို မြှင့်တင်သင့်သည်။

## (၂) ပိုမိုရှေ့ရောက်တိုးတက်သည့် စက်မှုလုပ်ငန်းအဆောက်အအုံအတွက် ခြေကုပ်ယူခြင်း

< သုတေသနနှင့် ဖွံ့ဖြိုးရေးကိုအားပေးခြင်း >

သုတေသနနှင့် ဖွံ့ဖြိုးရေးအားထုတ်ကြိုးပမ်းမှုများအား "ကုန်ထုတ်လုပ်မှုဗဟိုချက်နှင့် ကပ်လျက်တွင်ရှိခြင်း" အရေးသာမှုကို မဲခေါင်နိုင်ငံတစ်ခုက အကျိုးရှိရှိအသုံးချသည့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုတွင် အသုံးပြုသင့်သည်၊ "ကုန်ထုတ်လုပ်မှုဗဟိုချက်နှင့် ကပ်လျက်တွင်ရှိခြင်း" သည် ဖွံ့ဖြိုးမှုရေရှည်တည်တံ့သည့် လူ့အဖွဲ့အစည်းအကောင်အထည်ပေါ်အောင်ဆောင်ရွက်မှုနှင့် မဲခေါင်ဒေသရှိ ထူးခြားသောလက္ခဏာများကို အကျိုးရှိရှိအသုံးချကာ စက်မှုလုပ်ငန်းများကို ရှေ့ရောက်တိုးတက်အောင်လုပ်မှုကို အကဲစမ်းမည့် သို့မဟုတ် သဘာဝဘေးဆိုးများ၊ ရာသီဥတုပြောင်းလဲမှုများ၊ ထိရောက်ခြင်းမရှိသည့် စွမ်းအင်/ရေအသုံးပြုမှုနှင့် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုရမှုတို့အပါအဝင် မဲခေါင်နိုင်ငံများ လက်ရှိရင်ဆိုင်နေရသည့် အရေးကိစ္စများကို အကဲစမ်းမည့် အရေးသာမှုဖြစ်သည်။

သိပ္ပံပညာနှင့် စက်မှုပညာတွင် အလွန်ကျွမ်းကျင်မှုမြင့်လုပ်သားများနှင့် လုပ်သားစီမံကွပ်ကဲသူများ မြှင့်တင်ရန်အတွက် ဂျပန်တက္ကသိုလ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်သည့် သင်တန်းများနှင့် လုပ်ငန်းခွင်အကြိုအစီအစဉ်များ ဖော်ထုတ်သင့်သည်။ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်းစားနှင့် အမြောက်အမြားထုတ်လုပ်ရောင်းချသည့် ဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များနှင့် လိုက်လျောညီထွေဖြစ်စေရန် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုတွင် ရင်နှီးမြှုပ်နှံမှုကို အားဖြည့်ပေးသင့်သည်။

< SME များ၏ ယှဉ်ပြိုင်နိုင်စွမ်း >

"SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ မဟာဗျူဟာမြောက်လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)" ကို မှန်မှန်အကောင်အထည်ဖော်ခြင်းအားဖြင့် SME များ၏ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် နိုင်ငံတကာသို့ဝင်ရောက်နိုင်စွမ်းတို့ကို

မြှင့်တင်သင့်သည်။

(၃) ဒေသတွင်း ထုတ်ကုန်တန်ဖိုးမြှင့်လမ်းကြောင်းကို ထောက်ခံအားပေးသည့် အခြေခံအဆောက်အအုံနှင့် အရင်းအမြစ်များကို အားကောင်းအောင်လုပ်ခြင်း

< ဒေသတွင်းဆက်သွယ်မှု >

အထူးသဖြင့် မဲခေါင်ဒေသခွဲအတွင်း အရှေ့-အနောက် စီးပွားရေးစင်္ကြန်၊ တောင်ပိုင်းစီးပွားရေးစင်္ကြန်နှင့် ဗီယက်နမ်၏ မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်မှုတို့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုမှတစ်ဆင့် ဆက်သွယ်မှုကို တိုးတက်ကောင်းမွန်အောင်လုပ်သင့်သည်။ အထူးအားဖြင့် အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းသို့ ပိုမိုလွယ်လင့်တကူသွားရောက်နိုင်ရန် အကူအညီဖြစ်စေမည့် ပင်လယ်နက်ဆိပ်ကမ်းများ လိုအပ်မှုအရေးကိစ္စနှင့် ရင်ဆိုင်နေရသော အရှေ့-အနောက် စီးပွားရေးစင်္ကြန်နှင့် တောင်ပိုင်းစီးပွားရေးစင်္ကြန်တို့ကို မြန်မာနိုင်ငံသို့ဆက်သွယ်မှုကို တိုးတက်ကောင်းမွန်အောင်လုပ်ရေးအတွက် ပိုအရေးကြီးသည့် ဦးစားပေးသတ်မှတ်မှုလိုအပ်သည်။

နယ်စပ်ဖြတ်ကျော် ထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်းများ တည်ဆောက်မှုက ငွေကြေးအားဖြင့်သာမဟုတ်ဘဲ အချိန်နှင့် လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့မှုအပေါ် ယုံကြည်အားထားရမှုတို့အားဖြင့်လည်း ကုန်သွယ်မှုစရိတ်စကလျှော့ ချမှု လိုအပ်မည်ဖြစ်သည်။ အထက်တွင်ဖော်ပြသည့် အသိအမှတ်ပြုမှုအပေါ် အခြေပြုကာ အောက်ပါအကြောင်း အချက်များအပါအဝင် ပြည်စုံကျယ်ပြန့်သည့် အားထုတ်ကြိုးပမ်းမှု လုပ်ဆောင်သင့်သည် -

- မဲခေါင်ဒေသနိုင်ငံများတွင် အလွန်ကြီးမားသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှုအတိုင်းအတာ၏ လိုအပ်ချက်ကိုပြည့်မီရန် ဂျပန်သည် ပြည်သူ့ဘဏ္ဍာငွေဖြင့်သာမဟုတ်ဘဲ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး မေ ၂၀၁၅ တွင် ကြေညာခဲ့သည့် "Partnership for Quality Infrastructure: Investment for Asia's Future" (အရည်အသွေးမီအခြေခံအဆောက်အအုံအတွက် မိတ်ဖက်ပြုမှု - အာရှ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု) အောက်တွင် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုအတွက် ပုဂ္ဂလိကငွေကြေးထောက်ပံ့မှုကို ဆွဲဆောင်သည့် လုပ်နည်းလုပ်ဟန် ဖော်ထုတ်ခြင်းနှင့် ယင်းလုပ်နည်းလုပ်ဟန်ကို ပိုကောင်းစေခြင်းဖြင့်ပါ အခြားနိုင်ငံများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် အခြားငွေရေးကြေးရေးအသင်းအဖွဲ့များအပါအဝင်ဖြစ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်မှုဖြင့် "quality infrastructure investment" (အရည်အသွေးမီအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှု) ကို မြှင့်တင်သည်။
- မဲခေါင်ဒေသတစ်ခုလုံးဆိုင်ရာ လုပ်ငန်းစဉ်စီစဉ်ထောက်ပံ့မှုမှ အရေးကိစ္စများနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံသူထင်မြင်ချက်များကို ကြားသိရန်နှင့် CBTA (နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမောစေရေးသဘောတူညီချက်) ၏ တကယ့်လက်တွေ့စိန်ခေါ်မှုများအပါအဝင် ယင်းသို့သော အရေးကိစ္စများကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို ဆွေးနွေးရန် သက်ဆိုင်မှုရှိသည့် အစုအဖွဲ့များမှ အရာရှိများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပူးတွဲလက်ခံကျင်းပခြင်း
- အကောက်ခွန်လုပ်ငန်းစဉ်များ ခေတ်မီအောင်လုပ်ခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမောစေမှုကို အားပေးမြှင့်တင်ခြင်း
- ကုန်ကျစရိတ်/စွမ်းအင်ကုန်ရကျိုးနပ်မှု ရှုထောင့်များမှနေ၍ ပုံစံစုံသယ်ယူပို့ဆောင်ရေးရွေးချယ်စရာများ (ဥပမာ ကုန်းကြောင်း၊ ရေ(သမုဒ္ဒရာ)ကြောင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေး) အတွက် အသင့်ဆုံးဖြစ်သည့် အသုံးပြုမှုကို ဖော်ထုတ်သတ်မှတ်ရန် စုံစမ်းစစ်ဆေးခြင်း။

< စွမ်းအင်ထောက်ပံ့မှုနှင့် သဘာဝပတ်ဝန်းကျင် >

- နိုင်ငံတစ်ခုစီ၏ နိုင်ငံအဆင့်တွင် စွမ်းအင်ထောက်ပံ့မှုနှင့် စွမ်းအင်လိုအပ်ချက်အကြား တည်ငြိမ်သည့် မျှခြေညီအနေအထားတစ်ရပ်သို့ ရောက်ရှိရန်အတွက် စွမ်းအင်ရင်းနှီးမြှုပ်နှံမှု အစုစုပေါင်းစပ်မှုကို ထည့်သွင်းစဉ်းစားကာ မြင့်မားသည့်ထိရောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု ကြိုးပမ်းရယူသော လျော့က်ပတ်သည့် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားအစီအစဉ်များကို ဖော်ထုတ်သင့်သည်။ အာဆီယံဓာတ်အားကွန်ရက်အပေါ် အခြေပြုသည့် ပူးပေါင်းဆောင်ရွက်သော နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားထောက်ပံ့မှုကို ရွေးချယ်သင့်သည်၊ "အာဆီယံလျှပ်စစ်ဓာတ်အားဂန်ဆောင်လုပ်ငန်းများ/အာဏာပိုင်အဖွဲ့များဌာနချုပ်" (HAPUA) က အားပေးမြှင့်တင်သည့်အတိုင်း ဓာတ်အားကွန်ရက် အပြန်အလှန်ချိတ်ဆက်မှုအစီအစဉ် အကောင်အထည်ပေါ်အောင်ဆောင်ရွက်မှုကို ရွေးစရာတစ်ခုအဖြစ် ရှေ့တန်းတင်သင့်သည်။

  ဒေသတွင်း လျှပ်စစ်ဓာတ်အားထောက်ပံ့မှုနှင့်ပတ်သက်ပြီး ဒေသတွင်းစွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအစုစု၏ ဖြစ်နိုင်ဖွယ်ရှိသည့် အကောင်းဆုံးပေါင်းစပ်မှုကို စွမ်းဆောင်ရရှိစေမည့် ဓာတ်အားပေးစက်ရုံများ ဖော်ဆောင်သင့်သည်။ မဟာမဲခေါင်ဒေသခွဲ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် (RIF) တွင် သတ်မှတ်ဖော်ပြထားသော စွမ်းအင်စီမံကိန်းများအကောင်အထည်ဖော်မှုနှင့် ဒေသတွင်းလျှပ်စစ်ဓာတ်အား ညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန (RPCC) တည်ထောင်မှုတို့က ဒေသခွဲအတွက် စွမ်းအင်ဖူလုံရေးသေချာစေရန် သော့ချက်အကြောင်းအရာဖြစ်သည်။ ဓာတ်အားပေးစက်ရုံတစ်ခုချင်းအနေဖြင့် လောင်စာကုန်ကျစရိတ်လျှော့ချမှုနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ပါးသက်သာစေမှုတို့ကို ပါဝင်အထောက်အကူပြုသည့် စွမ်းအင်ဖူလုံရေးရည်ရွယ်ချက်အတွက် ထိရောက်အကျိုးရှိမှုမြင့်မားသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကဲ့သို့ အရည်အသွေးမြင့်၊ စွမ်းဆောင်ရည်မြင့်အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန် မုချလိုအပ်သည်။
- မြန်ဆန်ထိရောက်သော လုပ်ထုံးလုပ်နည်းများနှင့် ပြည်တွင်းအသင်းအဖွဲ့များကို တည်ငြိမ်သည့် စီမံခန့်ခွဲမှုတို့မှတစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဖော်ထုတ်မှုကို တည်ငြိမ်စေရန် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်အောင်လုပ်သင့်သည်။
- EE&C (စွမ်းအင်အကျိုးရှိရှိအသုံးချမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု)၊ ပြန်ပြည့်မြဲစွမ်းအင်နှင့် စမတ်အသိုက်အဝန်း/ကွန်ရက်စနစ်တို့ကို အားပေးမြှင့်တင်သည့် အားကောင်းခိုင်မာသော မူဝါဒစီမံဆောင်ရွက်မှုများကို နောက်ထပ်မြှင့်တင်သင့်သည်။
- တစ်ချိန်တည်းတွင် အသစ်တစ်ဖန်ပြန်ပြင်သုံးမှုလုပ်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးခြင်းဖြင့် ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ကူညီသင့်သည်။ ထိခိုက်ဆုံးရှုံးနိုင်သည့် ဘေးအန္တရာယ်များကို ရှောင်ရှားနိုင်သော ထုတ်လုပ်ထောက်ပံ့မှုလမ်းကြောင်းများ ထူထောင်ရန် ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်မှုများ လုပ်ရန် ထည့်သွင်းစဉ်းစားသင့်သည်။

< လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး >

ထိုင်းနိုင်ငံသည် မဲခေါင်ဒေသခွဲတွင် အကြီးဆုံးစီးပွားရေးလုပ်ငန်းအစုအဝေးရှိပြီး အလားအလာရှိသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအချက်အချာတစ်ခုဖြစ်လာနိုင်ကာ အကောင်းဆုံးအလေ့အကျင့်များပေးအပ်ခြင်းဖြင့် ဒေသတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် ပါဝင်အထောက်အကူပြုနိုင်သည်။ နိုင်ငံတစ်ခုစီ၏ စက်မှုလုပ်ငန်းတည်ထောင်မှုအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကို စဉ်ဆက်မပြတ်ထောက်ပံ့ရန်အတွက် အောက်ပါဦးတည်ကြိုးပမ်းဆောင်ရွက်မှုများကို လုပ်ဆောင်သင့်သည် -

- လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို ထိထိရောက်ရောက်ဖော်ဆောင်ရေးအတွက် နိုင်ငံတစ်ခုစီရှိ အရေးကိစ္စများကိုဖြေရှင်းရန် မည်သည့် ပြည့်စုံကျယ်ပြန့်သော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ ဖော်ဆောင်သင့်သည်ဆိုခြင်းအပေါ်အခြေပြုကာ နိုင်ငံတစ်ခုစီ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မှု

လက်ရှိအဆင့်များကို ကျကျနန လေ့လာအကဲဖြတ်သင့်သည်။

- ဦးဆောင်တက္ကသိုလ်များ (အထူးသဖြင့် စက်မှုပညာနယ်ပယ်မှတက္ကသိုလ်များ) နှင့် AUN/SEED-Net (အာဆီယံ တက္ကသိုလ် ကွန်ရက်/အရှေ့တောင်အာရှအင်ဂျင်နီယာ ပညာရေးဖွံ့ဖြိုးရေးကွန်ရက်) တို့ကို ထောက်ပံ့ကူညီခြင်း အပါအဝင် အစိုးရများဘက်က အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေး တိုးတက်ကောင်းမွန်စေမည့် အားထုတ်ကြိုးပမ်းမှုများ လုပ်ဆောင်သင့်သည်။ ဒေသခွဲအတွင်း ဦးဆောင်နိုင်ငံများ (ဥပမာ ထိုင်းနိုင်ငံ) ရှိ အစိုးရများနှင့် လုပ်ငန်းနယ်ပယ်များက အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံတကာသင်တန်းသားများကို လက်ခံခြင်း အပါအဝင်ဖြစ်သော သက်မွေးဝမ်းကျောင်းအတတ်ပညာလေ့ကျင့်သင်ကြားမှုကို အားကောင်းအောင်လုပ်သင့်ကာ တစ်ပြိုင်တည်းတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံး ဆောင်ရွက်နည်းအဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စီးပွားရေးလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများနှင့် ကျင့်ဝတ်များအား လုပ်ငန်းခွင် သင်တန်းပေးခြင်းကို သင့်တော်စွာ အာရုံစိုက်အလေးထားသင့်သည်။
- အာရှအလုပ်အကိုင်ပညာရေးကွန်ရက် (Asia Professional Education Network) အောက်မှ ဂျပန်၏ အတွေ့ အကြုံကို အကျိုးရှိရှိအသုံးချခြင်းဖြင့် ကျွမ်းကျင်မှုမြင့် လူသားအရင်းအမြစ်များထောက်ပံ့ရန် အဆင်မြင့်သက်မွေး ပညာရပ် လေ့ကျင်သင်ကြားမှုကွန်ရက်များ တည်ဆောက်သင့်သည်။

- <u>JICA ၊ JETRO ၊ အာဆီယံ-ဂျပန်စင်တာ၊ ADB နှင့် ERIA (အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေး သုတေသနကျောင်း) တို့ကဲ့သို့ ဆက်စပ်ပတ်သက်မှုရှိသည့် အသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်မှုဖြင့် မဲခေါင်-ဂျပန်အဖွဲ့ဝင်များသည် 'မဲခေါင်ဒေသစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်' အကောင်အထည် ပေါ်အောင်ဆောင်ရွက်မှုအတွက် သတ်သတ်မှတ်မှတ်ဖြစ်သည့် ပြုဖွယ်ဆောင်တာများနှင့် အချိန်မှတ်တိုင်များ အပါအဝင်ဖြစ်သော "လုပ်ငန်းအစီအစဉ်" တစ်ရပ် ရေးဆွဲဖော်ထုတ်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းအစီအစဉ်ကို 'မဲခေါင်-ဂျပန် အစိုးရ-လုပ်ငန်းနယ်ပယ် အပြန်အလှန်ဆွေးနွေးပွဲ' နှင့် ၂၀၁၆ တွင်ပြုလုပ်မည့် 'မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး' တို့ထံ တင်သွင်းမည်ဖြစ်သည်။ 'လုပ်ငန်းအစီအစဉ်' အကောင် အထည်ဖော်မှုနှင့်သက်ဆိုင်သည့် နှစ်စဉ်တိုးတက်မှုကို ထိုနောက်တွင်ကျင်းပမည့် စီးပွားရေးဝန်ကြီးများအစည်း အဝေးသို့ အစီရင်ခံတင်ပြမည်ဖြစ်သည်။</u>